


mgyoe.com

mgyoe.com

# ကြာမြှေး

## နားထိုင်းတို့ရွာ



KH0002

1,700.00 KS

mgyoe.com

mgyoe.com

နားထိုင်းတို့ရွာ၊ ကြူမွှေး
မျက်နှာဖုံးပန်းချီ-ထက်မိုး၊ စာမျက်နှာ ၂၀၈ မျက်နှာ၊ ၁၂·၈ စင်တီ× ၁၈·၅ စင်တီ

ထုတ်ဝေသူ - ဦးစန်းဦး၊ စိတ်ကူးချိုချိုစာပေ(၀၀၅၃၈)၊ ၈၅၊ ၁၆၄လမ်း၊ တာမွေ၊ ရန်ကုန်။
ပုံနှိပ်သူ - ဒေါ်ဝင်းမာ၊ စိတ်ကူးချိုချိုပုံနှိပ်တိုက်(၀၀၄၁၂)၊ ၁၁၇၉၊ မစိုးရိမ်လမ်း၊ ရန်ကင်း။
၂၀၁၆၊ ဇူလိုင်လ၊ ပြန်လည်ရိုက်နှိပ်ခြင်း၊ ၁၉၆၈ ရောင်နီစာအုပ်တိုက်၏ဒုတိယအကြိမ်မူ၊ အုပ်ရေ ၅၀၀၊

ရောင်းဈေး ၁၇၀၀ ကျပ်

*email: skccph@gmail.com ; P.O.Box: 705*
*www.facebook.com/SKCCmyanmarbook*
*www.skccmyanmarbook.com*

mgyoe.com

mgyoe.com

စိတ်ကူးချိုချိုစာအုပ်

■ ■ ■ ■ ■ ■ ■ ■ ■

# နားထိုင်းတို့ရွာ

ကြူမွေး

မြန်မာ့လည်ရိုက်ကွဲနှိပ်ဖြစ်၏ ၂၀၁၆

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# မာတိကာ


| | | |
|---|---|---|
| ၁။ | နေရာလုပွဲ အပြိုင်ကျဲ | ၁ |
| ၂။ | ကြမ္မာဆိုးထိ ညစျေးမိ | ၁၄ |
| ၃။ | နားထိုင်းတို့ရွာ သိကောင်းစရာ | ၂၉ |
| ၄။ | မယုံလျှင် ပုံပြင်ပေပေါ့ | ၄၀ |
| ၅။ | မိတ်ဆက်ပေးလာ နားထိုင်းတို့ရွာ | ၆၆ |
| ၆။ | စိတ်ထားချင်းတူ ချစ်ကြည်ဖြူ | ၇၈ |
| ၇။ | မိန်းမလုပွဲ အနိုင်နွှဲ | ၉၀ |
| ၈။ | ချစ်မှုပွေလီ ဦးရွှေနီ | ၁၀၂ |
| ၉။ | တစ်ပွဲတစ်လမ်း အကဲစမ်း | ၁၁၆ |
| ၁၀။ | တင်ဦးလမ်းပြ သက်လွင်ပွ | ၁၃၈ |
| ၁၁။ | သူပုန်တိုက်ပွဲ အနိုင်နွှဲ | ၁၅၉ |
| ၁၂။ | သတို့သား အရှက်ကွဲ မင်္ဂလာပွဲ | ၁၆၆ |
| ၁၃။ | ဆွေးဖို့ဖန်လာ သူတို့မှာ | ၁၇၈ |
| ၁၄။ | ချစ်သူ့ဌာနီ လိုက်ခဲ့ပြီ | ၁၈၅ |
| ၁၅။ | စိမ်းကားရက်သူ အိုချစ်သူ | ၁၉၂ |
| ၁၆။ | နားထိုင်းတို့ရွာ နောက်တစ်ခါ | ၂၀၀ |


□

mgyoe.com

mgyoe.com

mgyoe.com

mgyoe.com

# နေရာလုပွဲ အပြိုင်ကျဲ

အပြာရောင်ဂျစ်ကားကလေးတစ်စီးသည် အောင်ဆန်းကွင်း အရှေ့ဘက်ရှိ အထက်ပန်းဆိုးတန်းလမ်းအတိုင်း ကွမ်းခြံဘူတာရုံကြီး ဘက်သို့ ဦးတည်၍ တစ်နာရီလျှင် မိုင် ၃၀ နှုန်းခန့်နှင့် မောင်းနှင် လာနေသည်။

ဂျစ်ကားပေါ်တွင် ယောက်ျားနှစ်ယောက်တည်းသာ ပါလေ သည်။ ကားမောင်းသူမှာ အသက်အားဖြင့် ၄၀ ပတ်ဝန်းကျင်တွင် ရှိပြီး အနားပြာ ပေါ်ပလင် ရှပ်လက်ရှည်ကို ဝတ်ဆင်ကာ ခါးတွင်မူ ချည် လုံချည်အကွက်ကို ဝတ်ထားလေသည်။ သူ၏ ဘေးတွင် ပါလာသော သူမှာတော့ အသက် ၂၅ နှစ်ခန့် ရှိဦးမည်ဖြစ်ပြီး အသားအရေမှာ ခပ်လတ်လတ်ထဲက ဖြစ်လေသည်။ အဝတ်အစား မှာမူ တိုင်းရင်းဖြစ် ပင်နီအပေါ်ဖုံးအင်္ကျီ ဝတ်ထားပြီး လုံချည်မှာ အင်းလေး ပိုးလုံချည်အဝါ နှင့် အပြာကွက်ကို ဝတ်ထားလေသည်။

ဘူတာရုံတွင်းသို့ဝင်သော လမ်းဘက်သို့ရောက်လျှင် ဂျစ်ကား ကလေးသည် ချိုးကွေ့၍ ဝင်လာခဲ့ပြီးနောက် အထူးတန်း ခရီးသည် ဝင်ကြရမည့်ဘက်တွင် ရပ်လိုက်လေသည်။

mgyoe.com

mgyoe.com


ကားရပ်လေလျှင် ပင်နီတိုက်ပုံအကျီကို ဝတ်ဆင်ထားသည့် လူရွယ်သည် လက်ဆွဲအိပ်ရာတစ်ခုကို ဂျစ်ကားနောက်မှ ဆွဲယူရင်း ကားပေါ်မှ ဆင်းခဲ့လေသည်။

အချိန်မှာ ည ၈ နာရီကျော်ခန့်ရှိပြီမို့ ဘူတာရုံကြီးတစ်ခု လုံးမှာ မီးတွေနဲ့ ထိန်ထိန်လင်းနေသည်။ ကားပေါ်မှဆင်းပြီးနောက် လူရွယ် သည် ဘယ်ဘက်လက်တွင်ပတ်ထားသော လက်ပတ်နာရီကို မီးရောင် တွင် မြှောက်၍ကြည့်ပြီးနောက် ကားမောင်းလာသော လူကြီးအားပြော လေသည်။

"ရှစ်နာရီနဲ့ မိနစ်နှစ်ဆယ် ရှိနေပြီ ဦးလေး၊ ရထားထွက်ဖို့ နည်းနည်းပဲ လိုတော့တယ်"

"တော်သေးတာပေါ့ကွာ၊ ငါ့မှာတော့ မိမှမိပါ့မလားနဲ့၊ ကားကို အပြင်းမောင်းလာခဲ့ရတယ်။ ကဲကဲ . . . သွားပေတော့ . . ."

"ဟုတ်ကဲ့ . . . သွားပါ့မယ်၊ မေမေ့ကိုလည်း ဂရုစိုက်လိုက် ပါ ဦးလေး။ ရောဂါက သက်သာတယ်ဆိုပေမယ့် အားက သိပ်ရှိသေး တာမဟုတ်ဘူး။ ကျွန်တော့်မှာ မသွားမဖြစ်လို့သာ သွားရတာ နောက်ဆံတော့ ခပ်ခပ်တင်းတင်းပဲ"

လူရွယ်မှာ စိတ်မချမ်းမြေ့သည့်မျက်နှာနှင့် ကားမောင်းသူ ပြောပြ နေလေသည်။

"မင်းအမေအတွက်တော့ အစစ စိတ်ချပါကွာ၊ ဦးလေး တာဝန်ယူ ပါတယ်။ မင်း သွားစရာရှိတာကိုသာ ဖြောင့်ဖြောင့်သွားပါ။ အခုတောင် မင်း သွားရမယ့်ရက်ထက် နှစ်ပတ်လောက် နောက်ကျနေပြီ။ မင်းရဲ့ အလုပ်ကို ထိခိုက်မှာ စိုးရတယ်"

"အလုပ်တော့ မထိခိုက်နိုင်ပါဘူး။ ဒါပေမဲ့ ရွာမှာက ကျွန်တော် မရှိရင်မဖြစ်လို့ အခုလို သွားရတာပါ။ ကဲ . . . သွားမယ် ဦးလေး"

mgyoe.com

mgyoe.com


"အေးကွာ . . . သွားပေတော့၊ မင်းအမေအတွက်တော့ စိတ်ချပေ့ . . ."

ထိုသို့ပြောပြီးနောက် လူရွယ်၏ ဦးလေးဖြစ်သူသည် ဂျစ်ကားကို မောင်းထွက်သွားခဲ့လေသည်။ လူရွယ်လည်း ဘူတာရုံတွင်းသို့ လက်ဆွဲအိပ်ရာကိုဆွဲရင်း ဝင်လာခဲ့လေသည်။

ရွှေမန်းသို့ ထွက်ခွာတော့မည့် ဒဂုံလွင်ရထားကြီးမှာ ခရီးသည်များအပြည့်နှင့် အမှတ်တစ် ပလက်ဖောင်းတွင် ရပ်ထားလေသည်။

လူရွယ်သည် သူ စီးနင်းလိုက်ရပါမည့် အထူးတန်းတွဲများကို တစ်ခုချင်း လိုက်ကြည့်နေပြီးနောက် သူ စီးရမည့်တွဲသို့ရောက်လျှင် ရထားတွင်းသို့ တက်ဝင်ခဲ့လေသည်။ ၎င်းတက်ခဲ့သောတွဲမှာ အိပ်ခန်းပါသော အထူးတန်းတွဲ ဖြစ်လေသည်။ သူသည် အိတ်တွင်းမှ လက်မှတ်ကိုထုတ်၍ အခန်းအမှတ်ကို ရှာကြည့်ရာ သူ စီးရမည့်အခန်းမှာ နှစ်ယောက်တွဲ အိပ်ခန်းတစ်ခန်းဖြစ်ကြောင်းကို မြင်တွေ့ရလေသည်။ အခြား အိပ်ခန်းများမှာမူ လေးယောက်တွဲများ ဖြစ်လေသည်။ နှစ်ယောက်တွဲ အိပ်ခန်းမှန်း သိရလျှင် သူသည် ကျေနပ်သွားဟန်နှင့် ပြုံးလိုက်လေသည်။ ထိုနောက် အိပ်ခန်းတံခါးကိုဖွင့်၍ ဝင်ခဲ့လေရာ သူ နေရမည့်နေရာတွင် အိပ်ရာလိပ်တစ်ခုနှင့် မိန်းမကိုင် လက်ဆွဲသားရေသေတ္တာတစ်လုံး ရောက်ရှိနေသည်ကို မြင်ရလေသည်။

"ဟောဗျ . . . ဘယ်အမျိုးသမီးရဲ့ ပစ္စည်းတွေ ငါ့အိပ်ရာပေါ် ရောက်နေရတာလဲ။ တယ်ပြီး ခွကျတာကိုး၊ အခန်းနံပါတ်ကလေး ဘာလေးများ တိုက်ကြည့်ရောပေါ့"

ပြောပြောဆိုဆိုနှင့် လူရွယ်သည် အိပ်စင်ပေါ်မှ ပစ္စည်းများကို ဘေးသို့ ဖယ်ချလိုက်ပြီးနောက် သူ၏အိပ်ရာကို ဆွဲခင်းလိုက်လေသည်။ ပြီးတော့ သူသည် တစ်နေ့လုံး ညောင်းညာခဲ့သမျှ အိပ်ရာ

mgyoe.com

mgyoe.com

ပေါ်တွင် ကိုယ်ကို ပစ်လှဲကာ အညောင်းဆန့်နေလေသည်။ ထိုစဉ် အခန်းထဲသို့ ခေတ်ဆန်ဆန် ဆင်ယင်ထုံးဖွဲ့၍ထားသော အသက် နှစ်ဆယ်ကျော်ခန့်ရှိ အမျိုးသမီးတစ်ဦးနှင့် အသက်သုံးဆယ်ခန့်ရှိ အနောက်တိုင်းဆန်ဆန် ဝတ်ဆင်ထားသော လူရွယ်တို့ ရောက်ရှိလာ ကြလေသည်။

"ဟင် . . . ဒါက ဘယ်လိုဖြစ်တာလဲ"

မိန်းမပျိုက အိပ်စင်ပေါ်တွင် အခန့်သား လှဲ၍နေသော လူရွယ်နှင့် ဘေးတွင် စုပုံကာနေသော သူ့ပစ္စည်းများကိုကြည့်ရင်း အံ့သြသံနှင့် မေးလိုက်လေသည်။

သို့သော် လူရွယ်ကတော့ မည်သို့မျှ ပြန်မပြောသေးဘဲ အိပ်ရာ ပေါ်တွင် ပက်လက်လှန်ရင်း အသာ ငေးကြည့်နေသည်။

"ဒီမှာ ရှင့်၊ ရှင် အခန်းမှားနေပြီ။ ဒါဟာ ကျွန်မအခန်း ရှင့်"

မိန်းမပျိုက ဒေါသသံနှင့် ခပ်ဆတ်ဆတ် ပြောလေသည်။

"ဗျာ . . . ကျွန်တော်က အခန်းမှားတယ် ဟုတ်လား၊ ကျွန်တော့် ဘက်ကတော့ စိတ်ချပါဗျာ မမှားပါဘူး။ ခင်ဗျားသာ မှားနေတာပါ"

လူရွယ်၏စကားကို ကြားလိုက်ရလျှင် မိန်းမပျိုမှာ ပိုမို၍ ဒေါသ ဒီဂရီတွေ တက်လာခဲ့လေသည်။

"ရှင် ဒီလိုတော့ တစ်ဖက်သတ် မပြောနဲ့ ရှင့်၊ ကျွန်မ မမှားဘူး။ ရှင်သာ မှားနေတာ။ ဟောဒီမှာ ကျွန်မရဲ့ နံပါတ်က အက်(ဖ်)ဝမ်းတဲ့။ ဒီအခန်းနံပါတ်ကလည်း ဒါပဲဟာ၊ ဒီတော့ ရှင် ဖယ်ပေး ပါ"

မိန်းမပျို၏ စကားအဆုံးတွင် အနောက်တိုင်းဝတ်စုံကို ဝတ် ထားသည့် သူကလည်း ဝင်ပြောလေသည်။

"ဟုတ်သားပဲဗျာ၊ ဒီမှာက လက်ဆုပ်လက်ကိုင် ပရု(ဖ်)ပြနိုင် နေပြီပဲဟာ၊ မိတ်ဆွေက ဖယ်ပေးဖို့ ကောင်းပါတယ်"
mgyoe.com

mgyoe.com


ထိုအခါတွင် လူရွယ်သည် ပက်လက်လှဲနေရာမှ ဖြုန်းခနဲ ထရပ်လိုက်ပြီးနောက် သူ့အိတ်တွင်းမှ မီးရထားလက်မှတ်ကို ထုတ်ပြရင်း ပြန်ပြောလေသည်။

"ခင်ဗျားတို့ချည်း သက်သေခံပြစရာ ရှိတယ်မထင်နဲ့။ ကျုပ်နံပါတ်ကိုလည်း ကြည့်စမ်းကြပါဦး"

လူရွယ်က လှမ်းပေးလိုက်လျှင် အနောက်တိုင်းဝတ်စုံ ဝတ်ဆင်ထားသောလူက လှမ်း၍ယူကာ ဖတ်ကြည့်ပြီးနောက် လက်မှတ်ကို ပြန်ပေးလိုက်လေသည်။

"သူ့နံပါတ်ကလည်း ဒီတိုင်းပါလား အဝင်းရဲ့၊ ဧကန္တ လက်မှတ်ရေးတဲ့စာရေး မှားပြီနဲ့တူတယ်" "မိန်းမပျိုအား ထိုလူက လှည့်၍ ပြောပြလေသည်"

"အေး . . . အဲဒီလို မှားမှန်းသိရင်လည်း မီးရထားဌာနကို သွားပြောကြဗျာ။ ကျုပ်မှာ ဇိမ်ပျက်လှတယ်"

လူရွယ်က ပြန်ပြောပြီး သူ့အိပ်ရာပေါ်တွင် ထိုင်ချလိုက်လေသည်။

"အံမာ . . . ဘိန်းစားချင်းအတူတူ ရှင်က တစ်လုံးပိုချင်သေးလို့လား။ ဘာရမလဲ၊ ဒီကိစ္စက နှစ်ယောက်စလုံး မီးရထားဌာနကို သွားပြီး ဖြေရှင်းရမှာ ရှင့်"

မိန်းမပျိုက မကျေမနပ်ဟန်နှင့် မျက်စောင်းထိုး၍ လူရွယ်ကို ပြောလေသည်။

မဆိုင်လိုက်တာဗျာ။ မှားတာချင်းတူပေမယ့် ကျွန်တော်က နေရာရထားပြီပဲဟာ။ ခင်ဗျားဘာသာပဲ သွားပေါ့ဗျ"

"ရှင် ဒီလိုတော့ ဗိုလ်မကျနဲ့ ရှင့်၊ ရှင်ပြောသလိုဆို ဒီနေရာက ရှင်မလာခင် ကျွန်မ ယူထားတဲ့နေရာမို့ ဖယ်ချင်းဖယ်ရင် ရှင်ပဲ ဖယ်ရမှာ"

mgyoe.com

mgyoe.com

"အဲဒါတော့ ကျုပ် မသိဘူး၊ ကျုပ် ဒီအခန်းထဲ ရောက်တဲ့အချိန်မှာ ခင်ဗျား မရှိတဲ့အတွက် ဘယ်လိုပဲ ဒီအခန်းကိုစောပြီး ခင်ဗျား ရောက်ပေမယ့် တရားမဝင်တော့ဘူး"

"ဟာ . . . ဒီလိုတော့ မပြောပါနဲ့ မိတ်ဆွေရယ်၊ လူမရှိပေမယ့် ပစ္စည်းတွေ ထားခဲ့တာပဲဟာ။ ကျွန်တော်တို့က ကိစ္စရှိလို့ အပြင်ကို ခဏ ထွက်သွားတာပါ။ ကျွန်တော် သိရသလောက် ပြောရမယ်ဆိုရင် အထူးတန်းက အိပ်ခန်းတွေဟာ မိန်းမခရီးသည်သပ်သပ်၊ ယောကျ်ားခရီးသည်သပ်သပ် ထားတဲ့အတွက် အခုကိစ္စဟာလည်း မီးရထားဌာနကိုသွားပြီး အကူအညီတောင်းမှ ဖြစ်လိမ့်မယ်" . .

မိန်းမပျိုနှင့် ပါလာသော လူရွယ်က ဝင်၍ ဆရာလုပ်လိုက်လေသည်။

"ဒါက ကျုပ်ကိစ္စ မဟုတ်ပါဘူး၊ မီးရထားက အာဏာပိုင်တွေရဲ့ အလုပ်ပဲ။ ကျုပ်အလုပ်ကတော့ ဟောဒီ အိပ်ရာပေါ်မှာ အားရပါးရကြီး အိပ်လိုက်ဖို့ပဲ"

ထိုသို့ ပြောဆိုနေကြစဉ် မီးရထားကြီးမှာ ထွက်ခွာရန်အတွက် အချက်ပေးလိုက်သောအသံကို သူတို့အားလုံး ကြားကြရ လေသည်။

"ဟော . . . မီးရထားတောင် ထွက်တော့မယ်၊ ဒီကိစ္စကို ဘယ်လို လုပ်ရမလဲ အဝင်း"

မိန်းမပျို၏ လူရွယ်က စိတ်ပူသံနှင့် ပြောလိုက်လေသည်။

မိန်းမပျိုကတော့ ကပ်ကပ်သပ်သပ် နိုင်လွန်းလှသော လူရွယ်ကိုကြည့်၍ ဒေါသထနေသည်။

"ဘယ်လို လုပ်ရမှာလဲ၊ ဒီလိုပဲ လိုက်ရတော့မှာပေါ့"

"ဟင် . . . သူနဲ့ ဒီအခန်းထဲမှာ နှစ်ယောက်တည်း တစ်ညလုံး လိုက်စီးမယ် ဟုတ်လား"

mgyoe.com

mgyoe.com


မျက်လုံးပြူး မျက်ဆန်ပြူးနှင့် ပြောလိုက်သံကို ကြားရလျှင် အိပ်ရာပေါ်တွင် ထိုင်နေသော လူရွယ်မှာ မတ်တတ်ပြန်၍ ရပ်လိုက်ပြီး အနောက်တိုင်းဝတ်စုံကို ဝတ်ထားသူအား ဘုပြန်နှက်လေသည်။

"ဒီမှာ မိတ်ဆွေ၊ ကျုပ်ဟာ ဖအေ ဗမာ၊ မအေ ဗမာစစ်စစ်က မွေးဖွားလာတဲ့ မိကောင်းဖခင် သားသမီးပါ။ ဘာမှ ခင်ဗျားရဲ့ အမျိုးသမီးအတွက် သောကတွေ ရောက်မနေပါနဲ့။ စာရိတ္တနဲ့ ပတ်သက်ရင် ကျုပ်တို့လို မိရိုးဖလာဝတ်စုံကို ဝတ်ထားတဲ့သူတွေက ခင်ဗျားတို့လို ဗိုလ်ကြီး မိတ်အင်ဘားမားတွေထက် စိတ်ချရပါတယ်ဗျ"

"ဟာ . . . ခင်ဗျာ့စကားက စော်ကားလှချည်လား၊ ကျုပ်ကို ဘာကောင်မှတ်နေလဲ လူပါးဝလို့ . . ."

ထိုလူမှာ ဒေါသထွက်သွားဟန်နှင့် လူရွယ်ကို ရန်ပြုရန် အလာတွင် မိန်းမပျိုက ကြားမှဝင်၍ ဖျန်လိုက်ရလေသည်။

"အို . . . ကိုကိုသန်းကလည်း ရန်မဖြစ်ချင်ပါနဲ့"

"ဖြစ်ချင် ဖြစ်ပါစေဗျာ၊ လွှတ်လိုက်စမ်းပါ။ ကျုပ် လက်က လုပ်သားပြည်သူတွေအတွက် မိတ်ဆွေဖြစ်ပေမယ့် အထက်လွှာက လူမလိုင်ခဲ ဘူးယိုတွေအတွက်တော့ ရန်သူပဲဗျို့။ ကဲကဲ . . . တစ်ပွဲတစ်လမ်း အကဲစမ်းချင်ရင် ရထားမထွက်ခင် ခပ်သွက်သွက် ကလေး ကျဲလိုက်ရအောင်လား ဆန်နီလစ္စတန်ရေ . . ."

လူရွယ်က ပမ်ာမခန့်နှင့် လက်နှစ်ဖက်ကို ခါးထောင်ရင်း စိန်ခေါ်လိုက်လေသည်။ ထိုအခါတွင်တော့ ထိုလူမှာ အသာ အမြီး ကုတ်၍ သွားခဲ့လေသည်။ ရထားမှာလည်း ထွက်ရန် စက္ကန့်ပိုင်းမျှသာ လိုတော့လေသည်။

"ကဲကဲ . . . ကိုကိုသန်းလည်း ပြန်ပေတော့"

မိန်းမပျိုက ပြန်ရန် ထိုလူကို ပြောလေသည်။

mgyoe.com

mgyoe.com


"ပြန်တာက ဟုတ်ပါပြီ၊ အဝင်းက ဘယ်မှာ အိပ်မှာလဲ"

"ဒီအခန်းမှာပဲ အိပ်မှာပေါ့၊ ဒီအခန်းထဲမှာ အိပ်စင်နှစ်ခု ရှိတာပဲဟာ။ ကဲပါ . . . ပြန်မှာသာ ပြန်ပါ။ အဝင်းအတွက် စိတ်မပူနဲ့၊ အဝင်းရဲ့ ကိုယ်အတွက်တော့ အဝင်း မှဲ့တစ်ပေါက် မစွန်းအောင် ကာကွယ်နိုင်ပါတယ်။ သူ အူကြောင်ကြောင်လုပ်ရင် အရေးပေါ်ကြိုးကို ဆွဲလိုက်မှာပေါ့။ စိတ်ချပါ၊ ဂွတ်(ဒ်)နိုက် . . . ကိုသန်း"

ထိုအချိန်တွင် မီးရထားကြီးမှာလည်း အချိန်စေ့ခဲ့ပြီမို့ တရွေ့ရွေ့နှင့် ဘူတာရုံမှ ထွက်စပြုခဲ့လေပြီ။ ထိုလူသည် စိတ်မချတချနှင့်ပင် ရထားပေါ်မှ ဆင်းခဲ့ပြီးနောက် မိန်းမပျိုအား . . .

"ဂွတ်(ဒ်)နိုက် အဝင်း၊ အစစအရာရာ သတိနဲ့နေနော်"

ဟူ၍ပြောကာ ဘူတာရုံပလက်ဖောင်းပေါ်မှ လက်ပြရင်း ကျန်ရစ်ခဲ့လေသည်။ ရထားကြီးမှာလည်း အရှိန်ရလာပြီမို့ ပိုမို၍ သွက်လက်စွာ ခုတ်မောင်းနေလေသည်။

မိန်းမပျိုသည် အခန်းထဲသို့ ပြန်ဝင်ခဲ့ပြီးနောက် အိပ်ရာ ထဲတွင် ပက်လက်လှန်ကာ ဝတ္ထုစာအုပ်တစ်အုပ်ကို ဖတ်နေသော လူရွယ်အား နှလုံးနာသော မျက်နှာနှင့် ကြည့်လိုက်ပြီးနောက် သူ၏ ပစ္စည်းများကို စုလိုက်လေသည်။ ပြီးတော့ လူရွယ်အိပ်နေသော အပေါ်ထပ်ရှိ အိပ်စင်ပေါ်သို့ တက်ရန် ပြင်လိုက်ရာ . . .

"ဟေးဟေး . . . အဒေါ်ကြီး ဒါကဘာလုပ်မလို့လဲ"ဟူသော လူရွယ်၏ ကမန်းကတန်း လှမ်းတားသံကြောင့် မိန်းမပျိုမှာ အပေါ်သို့ မတက်နိုင်သေးဘဲ ရပ်ကာ လူရွယ်ကို ပြန်ပြောလေသည်။

"အပေါ်က အိပ်စင်ပေါ် တက်ပြီး အိပ်မလို့ပေါ့ ရှင့်"

"ဗျာ . . . ခင်ဗျားက ကျွန်တော့်အပေါ်က အိပ်မယ်"

"ဟုတ်တယ်လေ၊ ရှင်ကမှ နေရာမဖယ်ပေးပဲ။ ဒီတော့ ရှိတဲ့

mgyoe.com

mgyoe.com


နေရာပဲ တက်အိပ်ရမှာပေါ့"

"ဟာ . . . ဒီလိုလုပ်လို့တော့ ဘယ်ကောင်းမလဲ၊ ကျုပ် အပေါ်မှာ ခင်ဗျားနေရင် ကျုပ်မှာ ဘုန်းနိမ့်သွားမှာပေါ့။ ခင်ဗျားက မိန်းမပဲ။ မိန်းမဆိုတာ ယောကျ်ားရဲ့အောက်က နေရတယ်ဗျ"

လူရှယ်၏စကားကို မိန်းမပျိုမှာ အနက်အဓိပ္ပာယ် တစ်မျိုး ကောက်မိသဖြင့် မျက်စိမျက်နှာတွေ ပျက်သွားခဲ့လေသည်။

"ရှင်နော် စကားကို ကြည့်ပြော၊ မိုက်မိုက်ရိုင်းရိုင်း မပြောနဲ့"

"မြတ်စွာဘုရား . . . ကယ်တော်မူပါ၊ ကျုပ်က ဘာများ အမိကို ရိုင်းရိုင်းစိုင်းစိုင်း ပြောခဲ့လို့လဲဗျာ။ ခင်ဗျားက မိန်းမပါ အောက်မှာ နေရတယ်လို့ ပြောတာပဲဟာ"

"ရှင် . . . ပြောပြန်ပလား၊ ဒီစကားကို . . ."

"ဟောဗျ . . . ဒုက္ခပါပဲ၊ လက်စသတ်တော့ ခင်ဗျားက စကားကို တလွဲ အဓိပ္ပာယ်ကောက်နေတာကို။ ကျုပ်က ရိုးရိုးပြောတာ။ ဒီမှာ ခင်ဗျား ကျိုက်ထီးရိုးဘုရား ရောက်ဖူးလား"

"ရှင်က ဘာများ စပ်စုချင်လို့ မေးရတာလဲ။ ကျွန်မဘာသာ ရောက်ချင်ရောက် မရောက်ချင်နေ ရှင့်အပူ မရှိဘူး"

"နေပါဦးလေဗျာ၊ ခင်ဗျားကလည်း တယ်ပြီး စိတ်တိုတာကို။ ခုနင်က ယောကျ်ား၊ မိန်းမရဲ့ အထက်အောက် ပြဿနာကို လက်တွေ့ နမူနာပြမလို့ မေးတာပါ"

"ဒါနဲ့ ကျိုက်ထီးရိုးဘုရားနဲ့ ဘာဆိုင်လဲ"

"ဆိုင်တာပေါ့ဗျ၊ ကျိုက်ထီးရိုးက ရေမြောင်ကြီးမှာ ရေချိုး ဖူးရင် ကျုပ်ပြောတာကို ခင်ဗျား နားလည်မှာပဲ။ ရေမြောင်ကြီးမှာ ရေချိုးကြ တဲ့အခါ ယောကျ်ားတွေက အထက်က ချိုးရတယ်။ မိန်းမတွေကတော့ အောက်က ချိုးကြရတယ် မဟုတ်လား"

mgyoe.com

mgyoe.com


"ဟိုက ရေမြောင်ကြီး၊ ဒါက မီးရထားခန်း ရှင့်၊ ဘာမှမဆိုင်ဘူး။ ကိုယ်ကြိုက်တဲ့နေရာက စီးရုံပဲ"

မိန်းမပျိုသည် အပေါ်တက်ရန် ပြင်လိုက်ပြန်သည်။

"ဟာ . . . ခင်ဗျားကလည်း ဗွတ်ချည်းပဲ။ ခင်ဗျား အဝီစိကို ဇောက်ထိုးကျမှာစိုးလို့ ပြောနေတာဗျ"

"အံမာ . . . လူကို အဝီစိနဲ့ လှည့်ခြောက်ပြန်ပြီ"

"အဝီစိနဲ့ လှည့်ခြောက်တာ မဟုတ်ပါဘူး။ ခင်ဗျားဟာ ဗုဒ္ဓဘာသာကို လေးစားယုံကြည်ပြီး ခံယူထားတဲ့ အမျိုးသမီးဆိုရင်တော့ အဝီစိငရဲတို့ဆိုတာတွေကို ကြောက်ရမှာပေါ့"

"ဒီလိုဆိုရင်လည်း နေရာကို ရှင်ဖယ်ပေးပေါ့။ ကျွန်မကတော့ တစ်ညလုံး ရပ်ပြီး မနေနိုင်ဘူး"

မိန်းမပျို ပြောသည်မှာ လမ်းမှန်သဖြင့် လူရွယ်မှာ သည်တစ်ချီတော့ အလျှော့ပေးလိုက်ရလေသည်။

"အေးပါဗျာ၊ ကျွန်တော် ဖယ်ပေးပါ့မယ်။ ကဲ . . . လာလာ"

လူရွယ်သည် သူ၏ အိပ်ရာလိပ်များကို ပြန်၍ လိပ်ပြီးနောက် မိန်းမပျိုကို နေရာပေးလိုက်လေသည်။ လူရွယ်သည် အပေါ်ထပ် အိပ်စင်သို့ တက်၍သွားပြီးနောက် အိပ်ရာလိပ် ဖြန့်ခင်းနေလေသည်။ မီးရထားကြီးကတော့ တာဝန်ကျေပွန်စွာနှင့် တဂျုန်းဂျုန်း ခုတ်မောင်းနေလေသည်။

"ဒီမှာ အောက်က အစ်မကြီး၊ ကျွန်တော့်မီးခြစ်ကလေး ကျန်ခဲ့လို့ ပေးပါဦး"

လူရွယ်သည် အပေါ်ထပ်အိပ်စင်မှ အောက်သို့ငုံ့ကာ မိန်းမပျိုအား ပြောလေသည်။ အောက်ထပ်အိပ်စင်တွင် ပက်လက်လှန်ကာ စာဖတ်မည်ပြုသော မိန်းမပျိုမှာ လူရွယ်၏အသံကြောင့် လန့်သွားပြီး

mgyoe.com

mgyoe.com


သူ၏ ကိုယ်အထက်ပိုင်းကို စောင်တစ်ထည်နှင့် ဖုံးလိုက်လေသည်။ ပြီးမှ လူရွယ်တောင်းသော ဓာတ်မီးခြစ်ကို ယူ၍ပေးလိုက်လေသည်။

"ဒီမှာ . . . စိတ်ချလက်သာ အိပ်ဗျ၊ ကျုပ်အတွက် ဘာမှစိုးရိမ်မနေနဲ့။ ကျုပ်က ဒီဆူဇာထက် စိတ်ချရတယ်။ ဟဲ . . . ဟဲ . . . ဟဲ"

မီးခြစ်ကိုလှမ်းယူရင်း လူရွယ်က မိန်းမပျိုကို ပြောလေသည်။

"အံမာ . . . စိတ်မချရကော ရှင့်ကို ကြောက်မယ်များ မှတ်နေသလား။ သတ္တိရှိရင် လူကို စမ်းကြည့်လေ"

"ဟာဗျာ . . . မစမ်းပါရစေနဲ့၊ ကျုပ်က ဒါမျိုး ဝါသနာမပါဘူး"

"ရှင်နော်၊ စကားကို လူပါးဝဝပြီး မပြောနဲ့"

မိန်းမပျိုမှာ ဒေါပွသွားဟန်နှင့် လူရွယ်ကို ပြန်၍ ရန်တွေ့လိုက်လေသည်။

"ဩော် . . . ခက်လိုက်ပါဘိတော့၊ ကျုပ်က စေတနာနဲ့ ပြောတာပါ။ တော်ကြာ ခင်ဗျား အိပ်ရေးပျက်ပြီး အလှတွေ ပျက်ကုန်မှာစိုးလို့ ပြောတာပါ"

"ဒါ ရှင့်အပူ မဟုတ်ဘူး၊ တော်စမ်း ရှင်၊ ရှင်နဲ့ စကားစစ်ထိုးမနေချင်ဘူး"

မိန်းမပျိုသည် ပြောရင်း တစ်ဖက်သို့ လှည့်အိပ်လိုက်လေ သည်။ လူရွယ်ကတော့ ရယ်မောရင်း "အမေရေ . . . ဒီတစ်ခါ မီးရထားစီးရတာ ပျော်စရာကြီးဗျ။ ဟား . . . ဟား . . . ဟား"

ဟု ပြောပြီး အိတ်တွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်၍ မီးညှိကာ သောက်လိုက်လေသည်။ စီးကရက်ကို လေးငါးခါမျှ ဖွာရှိုက်၍ ပြီးသောအခါတွင် တစ်စုံတစ်ခုကို သတိရဟန်နှင့် လူပျိုသည် မိန်းမပျိုရှိရာ အောက်ထပ်သို့ ငုံ့ကာ ကြည့်ရင်း ပြောလိုက်ပြန်သည်။

"ဒီမှာ . . . အိပ်ပလားဗျ၊ မအိပ်သေးရင် ကျွန်တော့်ကို တစ်ခု

mgyoe.com

mgyoe.com

လောက် ကူညီပါဦး"

လူရွယ်၏အသံကြောင့် မိန်းမပျိုမှာ ဒေါထ၍ သွားခဲ့ပြန်လေသည်။

"ရှင် နှောင့်ယှက်ပြန်ပလား"

"နှောင့်ယှက်တာ မဟုတ်ပါဘူးဗျ၊ ကျွန်တော် စောစောကဖတ်နေတဲ့ ဝတ္ထုစာအုပ် ကျန်ခဲ့လို့ပါ။ အဲဒါ ကျေးဇူးပြုပါဦးဗျာ"

လူပျို၏ စကားအဆုံးတွင် မိန်းမပျိုသည် ဝတ္ထုစာအုပ်ကို ရှာ၍ပေးလိုက်လေသည်။

"ကဲ . . . ရော့၊ နောက် ဘာကျန်သေးတယ်ဆိုတာ တစ်လက်စတည်းပြော၊ ခဏခဏ ရှင့်ကို ယူပေးမနေနိုင်ဘူး"

လူရွယ်သည် မိန်းမပျို လှမ်းပေးသောစာအုပ်ကို ယူလိုက်ပြီးနောက် "အဲ . . . တစ်ခုပဲကျန်တော့တယ် . . ."ဟု မချိုမချဉ်မျက်နှာနှင့် ပြောလေသည်။

"ကဲ . . . ဘာကျန်တာလဲ၊ တစ်ခါတည်းပြော ရှင်"

မိန်းမပျိုက သုန်မှုန်သော မျက်နှာနှင့် ပြန်မေးလေသည်။

"ဟိုဟာလေဗျာ၊ ကျွန် . . . ကျွန်တော့် ဖင်နေရာခွက်"

လူပျို၏ ပြောင်ချော်ချော်စကားကို ကြားရလျှင် မိန်းမပျိုသည် အနီးတွင်ရှိသော ပလတ်စတစ်ဘီးနှင့် ကောက်ပေါက်လိုက်ရာ လူရွယ်က တစ်ဖက်သို့ လျင်မြန်စွာ ရှောင်လိုက်လေသည်။

ပြီးတော့ . . . လူရွယ်သည် တခစ်ခစ်နှင့်ရယ်ရင်း ပြောလိုက်လေသည်။

"အင်း . . . ခင်ဗျားကလည်း ဆတ်ဆတ်ထိမခံ၊ ကျုပ်ကလည်း အစက သန်သန်ဆိုတော့ ပျော်စရာကြီးပါလားဗျာ။ အမေရေ . . . ဒီတစ်ခါ မီးရထားစီးရတာ ပျော်စရာကြီးဗျ။ ဟား . . . ဟား . . . ဟား"

mgyoe.com

mgyoe.com


လူရွယ်က အော်ကြီးဟစ်ကျယ်နှင့် ပြောပြီး ရယ်မောသံကို မိန်းမပျိုက ကြားရလျှင် . . .

"လူကိုက စိတ္တဇဆေးရုံထွက်နဲ့တူတယ်၊ အူလည်လည်နဲ့" ဟု မကြားတကြား ပြန်ပြောပြီး စောင်ကို ခေါင်းမြီးခြုံကာ အိပ်နေလေသည်။

❐

mgyoe.com

mgyoe.com

# ကြမ္မာဆိုးထိ ညစျေးမိ

၁၅ မိနစ်တွင် တစ်ကြိမ်ကျ ဆင်းချည်၊ တက်ချည်လုပ်ကာနေသော လူရွယ်၏ အပြုအမူကြောင့် ကြာတော့ မိန်းမပျိုမှာ သက်ာမကင်းဖြစ်ကာ လာလေသည်။

“ဒီလူဟာ ဆင်းချည်၊ တက်ချည်နဲ့ ဘာလုပ်နေတာလဲ။ ငါ့ကိုများ မတော်မတရား ကြံမလို့လား။ သူ့ကြည့်ရတာလည်း အူကြောင်ကြောင်နဲ့။ စိတ်ချရမယ့်လူ မဟုတ်ဘူး၊ မတော်လို့များ ငါ့ကို မတရားကြံရင် ငါ ဘယ်နှယ်လုပ်ပါ့မလဲ။ အော်ဟစ်လို့ကော ဒီပြင်လူတွေက ရထားသံနဲ့ ဘာကြားပါ့မလဲ။ ဒီအခန်းထဲမှာလည်း သူရယ်၊ ငါရယ် နှစ်ယောက်တည်းရယ်၊ ဘုရား . . . ဘုရား . . . ငါ ဘယ်လိုလုပ်ရပါ့မလဲ”

မိန်းမပျိုသည် မျက်စိကို စုံမှိတ်၍ အိပ်ချင်ယောင်ဆောင်နေရာမှ အထက်ပါအတိုင်း စိတ်ထဲမှ ပြောနေလေသည်။ ထို့အတူပင် အပေါ်ထပ်တွင်ရှိသော လူရွယ်ကလည်း တွေးနေလေသည်။

“အင်း . . . ငါကလည်း ညဆိုရင် ခဏခဏ အပေါ့သွားတတ်တယ်၊ အဲဒီလိုသွားတာကို အောက်က သတ္တဝါမက တစ်မျိုးတစ်မည်များ ထင်နေဦးမလား မသိဘူး။ မတော်တဆ ငါ့အပေါ်မှာ အထင်

mgyoe.com

mgyoe.com


မှားပြီး လန့်အော် အော်ရင်တော့ ငါ့မှာ ဒုက္ခပဲ။ အနည်းဆုံး အချုပ်တော့ ခံရမှာ ရှုးဝါးပဲ။ ဒါပေမဲ့ ငါကလည်း အပေါ့မသွား မနေတတ်၊ အမယ်လေးနော် . . . ငါ ဘယ်လို လုပ်ရပါမလဲ"

ထိုသို့ တွေးနေရင်းပင် အပေါ့သွားချင်လာသဖြင့် လူရွှယ်မှာ အောက်သို့ ဆင်းခဲ့ရပြန်သည်။ မိန်းမပျိုကလည်း လူရွှယ်ဆင်းသံကို ကြားရလျှင် အသာ အကဲခတ်၍နေလေသည်။

"မဖြစ်ဘူး . . . မဖြစ်ဘူး၊ သင်း ဒီလိုသာ ဆင်းချည်၊ တက်ချည် လုပ်နေရင် ငါတော့ တစ်ညလုံး အိပ်ရမှာ မဟုတ်ဘူး။ သင်းကို ရှင်းရှင်းပဲ ဖွင့်ပြောမှဖြစ်မယ်"

မိန်းမပျိုသည် ယတိပြတ် ဆုံးဖြတ်လိုက်ပြီးနောက် လူရွှယ် ပြန်အလာကို စောင့်နေလေသည်။

အပေါ့သွားရာမှ ပြန်လာသော လူရွှယ်ကိုမြင်လျှင် မိန်းမပျို သည် လှမ်းပြောလေသည်။

"ဒီမှာ ရှင့်၊ ဒီကနေ့ညအဖို့ ရှင် အိပ်ဦးမှာလား"

"ဗျာ . . . ဒါ ခင်ဗျားအလုပ် မဟုတ်ပါဘူး။ ကျုပ်ဟာကျုပ် အိပ်ချင်အိပ်မယ်၊ မအိပ်ချင်နေမယ် ကိုယ့်သဘောပါ"

"ရှင် နေချင်သလိုနေတာက အရေးမကြီးဘူး။ ကျွန်မ အိပ်လို့ မပျော်တာက အရေးကြီးတယ်"

"ဒါတော့ ကျုပ် မတတ်နိုင်ဘူးလေ၊ ခင်ဗျားတို့ အိပ်ပျော်ဖို့ လုပ်ပေးရအောင် ကျုပ်က ဆရာဝန်မှ မဟုတ်ဘဲ။ ဒီတော့ ခင်ဗျားရဲ့ ဟဲ . . . ဟဲ"

"ဘာ ခင်ဗျားရဲ့ ဟဲဟဲလဲ၊ ရှင်နော် လူကို ရိတိတိနဲ့ လာလုပ် မနေနဲ့။ တစ်ခါတည်း ဒုက္ခရောက်သွားမယ်"

"ကျိန်းလှချည်လားဗျာ၊ ကေနှ မရန်းသီးတွေ တရားလွန် စားထား

mgyoe.com

mgyoe.com


ပြီနဲ့ တူတယ်။ ဟား . . . ဟား . . . ဟား"

လူရွယ်သည် မိန်းမပျိုအား မခံချင်အောင်ပြောပြီး သူ့အိပ်စင်ပေါ်သို့ တက်ခဲ့လေရာ မိန်းမပျိုမှာ ဒေါပွရင်း ကျန်ရစ်ခဲ့လေသည်။ အပေါ်သို့ရောက်လျှင် လူရွယ်သည် အောက်ထပ်သို့ ငုံ့ကြည့်ရင်း ပြောပြန်လေသည်။

"ဒီမှာဗျ . . . တစ်ဦးနဲ့တစ်ဦး ရန်ဖြစ်ကြရတာလဲ ကြာလှပြီ။ ခုထက်ထိ နာမည်တွေ မသိကြရသေးဘူး။ ခင်ဗျား နာမည်လေး တစ်ဆိတ်လောက်"

"အို . . . မလိုပါဘူး။ ရှင်နဲ့ ကျွန်မက မိတ်ဆွေမှမဟုတ်ပဲ။ ဒီတော့ နာမည်လည်း မသိချင်နဲ့ပေါ့"

မိန်းမပျိုက ဘုပြန်ပြောလေသည်။

"အေးလေ . . . မိတ်ဆွေ မဟုတ်မှန်းတော့ သိသားပေါ့။ ဒါပေမဲ့ ကျွန်တော်တို့မှာ နောင်တစ်နေ့ သားများ၊ မြေးများ ရကြတဲ့အခါ ဒီနေ့ည ဖြစ်ခဲ့ကြရတာတွေကို ပုံပြင်ကလေးလို ပြန်ပြီး ပြောပြချင်လို့ပါဗျ"

လူရွယ်က လျှာရှည်နေသော်လည်း မိန်းမပျိုက မည်သို့မျှ မပြောတော့ဘဲ မျက်စိကို စုံမှိတ်ကာ အိပ်ချင်ယောင် ဆောင်နေလေသည်။ ကြာတော့ မိန်းမပျိုမှာ တကယ်ပင် အိပ်ပျော်၍ သွားခဲ့လေသည်။ ထို့အတူ လူရွယ်မှာလည်း အိပ်ပျော်သွားခဲ့လေသည်။

လူရွယ်အိပ်ရာမှ နိုးလာသောအခါတွင် နံနက် ၄ နာရီကျော်ခန့် ရှိလေပြီ။ သူ ဆင်းရမည့်ဘူတာသို့ ၅ နာရီအချိန်တွင် ရောက်တော့မည်မို့ သူသည် မျက်နှာသစ်ရန် အိပ်စင်ပေါ်မှ သွားတိုက်ဆေးနှင့် သွားပွတ်တံကိုယူ၍ ဆင်းလာခဲ့လေသည်။ အောက်ထပ်တွင် မိန်းမပျိုမှာလည်း အိပ်ရာမှ နိုးနေသည်ကို တွေ့ရှိရလေသည်။

mgyoe.com

mgyoe.com



"ဩော် . . . ခင်ဗျားလည်း နိုးနေပြီကိုး။ ဘယ့်နှယ် . . . ညက အိပ်လို့ ကောင်းရဲ့လား"

လူရွယ်က သွားပွတ်တံပေါ်တွင် မက်ကလိန်း သွားတိုက် ဆေးကို ညှစ်ထုတ်ကာ ထည့်သွင်းရင်း စပ်ဖြဲဖြဲမျက်နှာနှင့် မေးလေသည်။

"ဒါ ရှင့်အလုပ် မဟုတ်ပါဘူး"

မိန်းမပျိုက သံပြတ်နှင့် ပြန်ပြောရင်း ပစ္စည်းများကို ထုပ်ပိုးနေလေသည်။

"ဟဲဟဲ . . . ကျုပ်က စေတနာနဲ့ မေးတာပါ။ မဖြေချင်လည်း နေပေါ့ဗျာ"

ထိုသို့ပြောပြီး လူရွယ်သည် အခန်းတွင်းမှ ထွက်သွားခဲ့လေသည်။

အခန်းတွင်းသို့ လူရွယ်မျက်နှာသစ်ပြီး ပြန်ဝင်လာသော အခါတွင် မိန်းမပျိုသည် အငွေ့တထောင်းထောင်း ထနေသော ကော်ဖီ ပန်းကန်ကိုကိုင်ရင်း ကော်ဖီသောက်နေသည်ကို တွေ့ရလေသည်။

"ကော်ဖီမှာရင်လည်း နှစ်ခွက်စာ မှာလိုက်ရောပေါ့ဗျာ။ ခင်ဗျား တော်တော် တစ်ကိုယ်ကောင်းဆန်တယ်"

လူရွယ်က အပြစ်တင်သံနှင့် ပြောလေလျှင် မိန်းမပျိုမှာ ဒေါသ ထွက်သွားခဲ့ရလေသည်။

"ရှင်နဲ့ ကျွန်မက ဘာဆိုင်လို့ နှစ်ခွက်စာ မှာရမှာလဲ။ ရှင့်မှာ ပါးစပ်ရှိသားပဲ။ ကိုယ့်ဘာသာ မှာသောက်ပေါ့"

"အေးလေ ဆိုင်တော့မဆိုင်ဘူးပေါ့၊ ကျုပ်က တစ်လက်စတည်း မှာလိုက်ဖို့ ပြောတာပါ။ ကဲပါလေ . . . ကျုပ်ဘာသာ စားသောက်ခန်း တွဲထဲမှာ သွားသောက်ပါ့မယ်"

လူရွယ်သည် ထိုသို့ပြောပြီးနောက် အိပ်စင်ပေါ်သို့ တက်သွား

mgyoe.com

mgyoe.com


လေသည်။ ပြီးတော့ ချောကလက်ရောင် ဂျာကင်အင်္ကျီကို ထုတ်ဝတ်ပြီး ခေါင်းအုံးအောက်မှ ပိုက်ဆံအိတ်ကိုယူ၍ ပြန်ဆင်းခဲ့ကာ ရထားတွင်းရှိ စားသောက်ခန်းသို့ ထွက်သွားခဲ့လေသည်။ မိန်းမပျိုကတော့ မသိမသာ မျက်စောင်းကလေး ထိုးကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

၁၅ မိနစ်ခန့်အကြာတွင် လူရွယ်သည် အခန်းတွင်းသို့ ပြန်ရောက်လာခဲ့လေသည်။

"ကဲ . . . မအငှာ၊ ရှေ့ဘူတာကျရင် ကျုပ် ဆင်းရတော့မယ်။ အခုလို ခင်ဗျားနဲ့ တစ်ခန်းတည်းမှာ လာဆုံကြပြီး ရန်ဖြစ်ရင်းနဲ့ သိကျွမ်းရတာ ဝမ်းသာပါတယ်။ နောင် ရေစက်ဆုံလို့ ပြန်တွေ့ကြသေးရင်လည်း အခုလိုပဲ ရန်ဖြစ်ကြသေးတာပေါ့ဗျာ။ ဟုတ်လား"

လူရွယ်သည် ရယ်ရယ်မောမောနှင့်ပြောပြီး သူ၏ပစ္စည်းများကိုယူရန် အပေါ်သို့ တက်သွားခဲ့လေသည်။ မိန်းမပျိုကတော့ မည်သို့မျှ ပြန်ပြောမနေဘဲ မျက်စောင်းထိုး၍သာ ကြည့်နေခဲ့၏။

သုံးမိနစ်ခန့်အကြာတွင် လူရွယ်သည် သူ၏ပစ္စည်းများကို သယ်ယူကာ အောက်သို့ ချလာလေသည်။ ပြီးတော့ မိန်းမပျိုအား သကာရည်လူးထားသော မျက်နှာနှင့် လှမ်းကြည့်ပြီး ပြောလေသည်။

"ကဲ . . . သွားလိုက်ဦးမယ်ဗျာ၊ နောက်များမှ တွေ့ကြသေးတာပေါ့ ဟုတ်လား။ အင်း . . . ရန်ဖြစ်ရမယ့်သူမရှိလို့ ခင်ဗျားတော့ ပျင်းနေမှာပဲနော်"

လူရွယ်သည် ထိုသို့ပြောပြီးနောက် သူ့အထုပ်များကိုယူ၍ ရထားတံခါးမဝသို့ လျှောက်သွားခဲ့လေသည်။ မိန်းမပျိုက နှလုံးနာသော မျက်နှာနှင့်ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

မိနစ်ဝက်ခန့်အကြာတွင် ရထားကြီးသည် လူရွယ်ဆင်းရမည့် ဘူတာသို့ အရှိန်သတ်ကာ ခုတ်မောင်း၍ ဝင်လာခဲ့လေသည်။

mgyoe.com

mgyoe.com


ဆောင်းကာလ၏ နံနက်ခင်းမို့ ပတ်ဝန်းကျင်တစ်ခုလုံး မြူနှင်းတို့နှင့် ပိတ်ဆို့ကာနေလေသည်။ ရထားရပ်သွားလျှင် လူရွယ်သည် သူ၏အထုပ်အပိုးများကို သယ်ယူ၍ ဆင်းလာခဲ့လေသည်။

ရထားကြီးတစ်ခုလုံးမှာလည်း ဆင်းသူ၊ တက်သူ ခရီးသည်များနှင့်တကွ ဈေးသည်များ၏ အော်ဟစ်သံတို့နှင့် ညံညံဆူနေလေသည်။

လူရွယ်သည် ဘူတာရုံအဝအနီးသို့ ရောက်ရှိသောအခါ သူ၏အထုပ်များကို မြေကြီးပေါ်တွင်ချ၍ သူ့အား လာရောက်ကြိုဆိုမည့်သူတွေကို စောင့်ကြည့်နေလေသည်။

တစ်ဦးတစ်ယောက်မျှ မမြင်ရသောအခါတွင် လူရွယ်သည် တက်တစ်ချက် ခေါက်လိုက်ပြီးနောက် အိတ်တွင်းမှ စီးကရက်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိလိုက်လေသည်။ ပြီးလျှင် အထုပ်များကို ထားခဲ့ပြီးနောက် မီးရထားရုံပိုင်၏ အခန်းထဲသို့ ခပ်သွက်သွက်ဝင်သွားခဲ့လေသည်။

ထိုအချိန်တွင် ရထားကြီးမှာ ဆက်၍ ခုတ်မောင်းရန်အတွက် ဘူတာရုံမှ ပြန်လည် ထွက်ခွာသွားခဲ့လေသည်။ နှစ်မိနစ်ခန့်အကြာတွင် လူရွယ်သည် ရုံပိုင်၏အခန်းမှ ပြန်အလာတွင် သူထားခဲ့သော အထုပ်များနေရာ၌ ရထားပေါ်တွင် သူနှင့် ဘုကျခဲ့သည့် အမျိုးသမီးသည် သေတ္တာကြီး၊ သေတ္တာငယ်တို့နှင့် ရောက်ရှိနေသည်ကို တွေ့ရလျှင် သူသည် အံ့သြ၍သွားခဲ့လေသည်။

"ဩော် . . . ခင်ဗျားကလည်း ဒီဘူတာရုံမှာ ဆင်းတာကိုး။ ဟား . . . ဟား . . . ဟား။ ကျုပ်တို့နှစ်ယောက်က ရေစက်ကို မကုန်နိုင်သေးဘဲကိုး"

သို့သော် မိန်းမပျိုကတော့ လူရွယ်အား အဖက်လုပ်ကာ ပြန်မပြော

mgyoe.com

mgyoe.com


ဘဲ တစ်ဖက်သို့ ကျောခိုင်းကာ နေလိုက်လေသည်။ ထိုအခါတွင် လူရွယ်ကလည်း ပြန်လည် ကျောခိုင်းကာ ရပ်နေလိုက် သည်။

နှစ်ဦးစလုံးမှာ ငါးမိနစ်နီးပါးမျှ ကျောခိုင်း၍ ရပ်နေကြစဉ် သူတို့အနီးသို့ မြင်းလှည်းသမားတစ်ဦးသည် ရောက်ရှိလာပြီးနောက် လူရွယ်အား ပြုံးချိုသောမျက်နှာနှင့် မေးလိုက်လေသည်။

"ဆရာတို့ ဘယ်သွားကြမှာလဲဟင်၊ ကျွန်တော့် မြင်းလှည်းနဲ့ သွားကြပါလား"

လူရွယ်သည် မြင်းလှည်းသမားအား ပြန်ကြည့်ပြီးနောက် မိန်းမပျို အား လက်ညှိုးထိုးပြရင်း ပြန်ပြောလေသည်။

"ကျုပ်ကို မေးမနေနဲ့၊ သူ့ကို မေးဗျ"

လူရွယ်၏ စကားအဆုံးတွင် မြင်းလှည်းဆရာသည် မိန်းမပျို ဘက်သို့သွားကာ မေးပြန်လေသည်။

"ဒီမှာ အစ်မကြီးတို့ လင်မယား ဘယ်သွားကြမလဲဟင်။ ကျွန်တော့် မြင်းလှည်းနဲ့ သွားကြပါလား ခင်ဗျာ"

မိန်းမပျိုမှာ မြင်းလှည်းဆရာ၏စကားကြောင့် မျက်နှာတစ်ခုလုံး ရဲခနဲဖြစ်ကာ သွားခဲ့လေသည်။

"ဒီမှာ ရှင့်၊ စကားကို အထင်နဲ့ အရမ်း မပြောပါနဲ့။ သူနဲ့ ကျွန်မဟာ ဘာမှတော်တာ မဟုတ်ဘူး"

"ဟာ . . . ကန်တော့ဗျာ ကန်တော့။ ကျွန်တော် မှားသွားပါ တယ်၊ မှားတာလည်း မပြောနဲ့လေ။ အစ်မကြီးတို့နှစ်ယောက်ဟာ ရွယ်တူချင်းလည်း ဖြစ်နေပြန်၊ တစ်ဦးနဲ့တစ်ဦးကလည်း ကျောချင်း ပေးပြီး ကပ်ရပ်နေကြတော့ ကျွန်တော်လည်း မှားသွားတာပေါ့ခင်ဗျား။ ဒါနဲ့တောင် ဟိုဘက်က ဆရာကြီးက အစ်မကြီးကို မေးပါလို့ ပြော ပြန်တော့ ကျွန်တော့်မှာ လင်မယားပဲလို့ ထင်မိတာပေါ့။ ဟား . . .

mgyoe.com

mgyoe.com


ဟား . . . ဟား"

မြင်းလှည်းဆရာမှာ သူ့ဘာသာသူပြောပြီး ရယ်မောနေလေလျှင် မိန်းမပျိုမှာ ဒေါသထွက်သွားခဲ့လေသည်။

"ဘာ ရယ်နေတာလဲ၊ ရှင် နောက်စရာများ မှတ်လို့လား။ သွားစမ်းရှင်၊ ရှင့်မြင်းလှည်းကို ကျွန်မ မစီးဘူး"

မိန်းမပျိုက ခပ်ငေါက်ငေါက် ပြောမှုကြောင့် မြင်းလှည်း ဆရာမှာ လန့်ဖျပ်သွားကာ လူရွယ်ကို မျက်နှာငယ်ကလေးနှင့် လှမ်းကြည့်လေသည်။ လူရွယ်က ပခုံးတွန့်ကာ ပြလိုက်လေသည်။

ပြီးတော့ ထိုနေရာမှ မြင်းလှည်းဆရာမှာ သုတ်ခြေတင်ကာ လစ်သွားခဲ့လေသည်။

မြင်းလှည်းဆရာ ထွက်သွားပြီး မကြာမီတွင် မီးရထားရုံပိုင် သည် လူရွယ်ကျောပေးကာ ရပ်နေသောဘက်မှ လျှောက်လာခဲ့ပြီး နောက် လူရွယ်၏အနီးသို့သွားကာ နောက်ဘက်မှ ပခုံးကို လှမ်းပုတ်ရင်း ခေါ်လိုက်လေသည်။

"ဟော့ . . . သက်လွင်၊ ဒီကနေ့ပဲ ရောက်လာသလားကွ"

ရုံပိုင်၏အသံကြောင့် လူရွယ်သည် နောက်သို့ လှည့်ကြည့်ပြီး ရုံပိုင်၏လက်ကို ဝမ်းသာအားရနှင့် လှမ်းဆွဲထားရင်း ပြန်ဖြေလေသည်။

"အေးကွာ . . . ငါလာခါနီးစဲစဲမှာ ငါ့အမေ မနည်းဖြစ်နေလို့ နှစ်ပတ်လောက် နောက်ကျသွားခဲ့တယ်။ ဒါထက် စောစောက မင်း ဘယ်သွားနေတာလဲ။ ငါ သွားရှာသေးတယ်ကွ"

"ကိစ္စတစ်ခုရှိလို့ အပြင် ခဏသွားနေတာပါကွာ၊ ဩော် . . . တစ်ခု ပြောရဦးမယ်။ လွန်ခဲ့တဲ့ တစ်ပတ်လောက်က မင်းရဲ့ရုံးက သံကြိုးစာ တစ်စောင် လာတယ်ဗျ။ ငါလည်း မင်း မရှိတာနဲ့ ရွာကို မပေးလိုက်ဘဲ

mgyoe.com

mgyoe.com


သိမ်းထားတယ်"

"ကျေးဇူးပါပဲကွာ၊ ဘာအတွက်များ ရိုက်လိုက်တယ် မသိဘူး။ ဒီကြေးနန်း အခု ဘယ်မှာလဲ"

"ငါ့အိတ်ထဲမှာပဲ ရှိပါတယ်ကွာ၊ မင်း ပြန်လာတဲ့အခါ အဆင်သင့် ပေးနိုင်အောင်လို့ပါ။ ရော့ . . . ရော့ . . ."

ရုံပိုင်က သက်လွင် အမည်ခံလူရွယ်အား အိတ်တွင်းမှ ကြေးနန်း စာကို ထုတ်ယူ၍ ပေးလိုက်လေသည်။

"ဟာ . . . ငါ တောင်းထားတဲ့ ဆရာဝန်တစ်ယောက် ဆယ်ရက်နေ့ရောက်မှာမို့ ဘူတာရုံကနေ ကြိုပါ ဆိုပါကလား။ ဒုက္ခပဲ။ ဒီနေ့ဟာလည်း ဆယ်ရက်နေ့ပဲ"

သံကြိုးစာဖတ်ရှု၍ အပြီးတွင် သက်လွင်က စိုးရိမ်ပူပင်သံနှင့် ပြောလေသည်။

"အေးကွာ၊ ဒီလိုဆိုရင် ရပ်နေလို့ မဖြစ်ဘူး လိုက်ရှာမှ ဖြစ်လိမ့်မယ်။ ဒါထက် နေစမ်းပါဦး။ ရက်သာပါပြီး ရောက်မယ့် အချိန်ကော မပါဘူးလား"

"ဟာ . . . ပါတာပေါ့ကွ။ အချိန်ကလည်း ငါ အခုရောက်တဲ့ အချိန်ပဲကွ"

"အဲကွ . . . အခုမှ မွတ်ကရောပဲ။ ကဲ . . . ငါပါကူပြီး လိုက်ရှာပေးပါ့မယ်ကွာ။ ဆရာဝန်ရဲ့ နာမည်ကလေးလည်း ပြောပါဦး"

"ဆရာဝန်က ယောကျ်ားမဟုတ်ဘူး။ မိန်းမ ဆရာဝန်၊ နာမည်က ဒေါ်ခင်မျိုးဝင်းတဲ့"

သက်လွင်၏ပြောသံကို တစ်ဖက်တွင် ကျောခိုင်းနေသော မိန်းမပျို ကြားလိုက်ရလျှင် တုံ့ခနဲ ဖြစ်သွားကာ သက်လွင်တို့ဘက်သို့ လှည့်ကာ လှမ်းမေးလေသည်။

mgyoe.com

mgyoe.com


"ဒီမှာ ရှင့်၊ တစ်ဆိတ်လောက် မေးပါရစေ"

မိန်းမပျို၏အသံကို ကြားလိုက်ရလျှင် သက်လွင်သည် မျက်မှောင်ကြုံ့ကာ ပြန်ကြည့်ရင်း ဘုမှုတ်လိုက်လေသည်။

"ခင်ဗျား အသာနေစမ်းဗျာ၊ ကျုပ်မှာ စိတ်ညစ်နေရတဲ့အထဲ မေးလား၊ မြန်းလား လုပ်မနေနဲ့"

သက်လွင်က ဘုပြန်ပြောသော်လည်း သည်တစ်ကြိမ်တွင် တော့ မိန်းမပျိုက စိတ်ဆိုးဟန်မပြဘဲ မျက်နှာငယ်ကလေးနှင့် ဆက်ပြောလေသည်။

"မဟုတ်ပါဘူး ရှင်၊ မေးစရာ ရှိလို့ပါ"

"ဘာမှ မေးမနေနဲ့၊ ခင်ဗျားနဲ့ ကျွန်တော့်မှာ မေးမြန်းစရာ ဘာပြဿနာမှ မပေါ်ဘူး"

သက်လွင်ကတော့ စိတ်တိုနေဟန်နှင့် ဘုပင် ဆက်မှုတ်နေသည်။

"ဟာကွာ . . . သက်လွင်ကလည်း သူ ဘာမေးချင်မှန်းမှ မသိဘဲနဲ့ မေးပါစေကွာ၊ မင်းကလည်း ဒေါနချည်းပဲ"

ရုံပိုင်မှာ မနေသာသဖြင့် ကြားမှ ဝင်ဖျန်ပေးလေသည်။

"ကဲ . . . ဘာမေးချင်လို့လဲ၊ မြန်မြန် မေးဗျာ၊ ကျုပ်တို့မှာ လူရှာစရာ ရှိသေးတယ်"

"အဲ့ဒီကိစ္စကိုပဲ မေးမလို့ပါရှင်"

"ဘာ . . . အဲဒီ ကိစ္စလဲဗျ"

သက်လွင်က နားမရှင်းဟန်နှင့် ပြန်မေးလေသည်။

"ဩော် . . . ဒီလိုပါ ရှင်၊ ခု နင်က ရှင်တို့ ပြောနေကြတဲ့ အထဲမှာ ဒေါက်တာ ခင်မျိုးဝင်းဆိုတာ ပါလို့ပါ"

"အဲဒါ ခင်ဗျားနဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်တာပေါ့ ရှင်၊ ခင်မျိုးဝင်းဆိုတာ ကျွန်မပဲ"

mgyoe.com

mgyoe.com


"မြတ်စွာဘုရား"

ထိတ်လန့်တကြားနှင့် သက်လွင်က အော်ဟစ်လိုက်မိသည်။ ပြီးတော့ မိန်းမပျိုအား ခြေဆုံးခေါင်းဆုံး ကြည့်နေရာမှ မြေပေါ်တွင် စုပုံ၍နေသော မိန်းမပျို၏ ပစ္စည်းများထံသို့ မျက်စိရောက်သွားခဲ့လေသည်။ ထိုအခါကျမှ လက်ဆွဲသေတ္တာတွင် ရေးသားထားသော အင်္ဂလိပ်စာလုံးများကို မြင်တွေ့မိလေတော့သည်။ ဒေါက်တာခင်မျိုးဝင်း အမ်–ဘီ–ဘီအက်(စ်) နားကုဝိဇ္ဇာ ထိုစာတမ်းကို မြင်လိုက်ရလျှင် သက်လွင်မှာ အလွန်ပင် အားတုံ့အားနာကြီးဖြစ်ကာ သွားခဲ့လေသည်။

"ဆော်ရီးပဲ ခင်ဗျာ၊ တစ်လမ်းလုံး ဒေါက်တာရဲ့အပေါ်မှာ ရိုင်းရိုင်းစိုင်းစိုင်း ပြုမိခဲ့တာကို ခွင့်လွှတ်ပါ။ ကျွန်တော် တောင်းပန်ပါတယ်"

သက်လွင်မှာ မျက်နှာငယ်ကလေးနှင့် တောင်းပန်နေသည်။ ခင်မျိုးဝင်းကတော့ ပြုံး၍နေလေသည်။

"ကိစ္စမရှိပါဘူး ရှင်၊ လူပဲ မှားတဲ့အခါလည်း မှားပေမပေါ့။ ဒါထက် ရှင်က လူထုပညာရေးမှူးကိုး"

"သက်လွင်လို့ ခေါ်ပါတယ်။ မှန်ပါတယ် ဒေါက်တာ။ ကျွန်တော်နဲ့ ဒေါက်တာနဲ့ လက်တွဲပြီး နားထိုင်းတို့ရွာအတွက် ဆောင်ရွက်ရမယ့်သူပါ"

"ကျေးဇူးပြုပြီး ကျွန်မကို ဒေါက်တာလို့ မခေါ်ပါနဲ့ရှင်၊ ကျွန်မနာမည် ခင်မျိုးဝင်းပါ"

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ်"

"ကျွန်မ တစ်ခုမသိလို့ မေးပါရစေဦး။ ကျွန်မ ဒီကို လာခါနီးတော့ လူမှုဝန်ထမ်းဌာန တာဝန်ခံက ဒီဘူတာမှာ ရှင်လာကြိုလိမ့်မယ်လို့ ပြောတယ်။ အခုကျတော့ ရှင်က ကျွန်မနဲ့ ပါလာတာက ဘာဖြစ်

mgyoe.com

mgyoe.com


လို့ပါလဲ”

“အဲဒီအကြောင်းပဲ ခုနင်က ကျွန်တော်တို့ ပြောနေကြတာပေါ့။ ဖြစ်ရတာက ဒီလိုပါဗျာ။ ကျွန်တော်ဟာ နားထိုင်းတို့ရွာက လူတွေနဲ့ ပတ်သက်ပြီး သက်ဆိုင်ရာကို လွှန်ခဲ့တဲ့ သုံးလကျော် ကတည်းက တင်ပြပြီး အကူအညီ တောင်းခဲ့ပါတယ်။ အဲ . . . လွန်ခဲ့တဲ့ လေးပတ်လောက်တော့ ကျွန်တော့်ကို ရန်ကုန်မှာ ခေါ်ယူပြီး လူမှုဝန်ထမ်းတာဝန်ခံက ခေါ်မေးတယ်။ ဒီလို ခေါ်မေးပြီး မကြာခင် ကျွန်တော့်ဆီကို နားကုဆရာဝန်တစ်ဦး အမြန်ဆုံး လွှတ်လိုက်မယ်လို့ ပြောပါတယ်။ ဒီတင် ကျွန်တော်လည်း ရွာကို ပြန်မယ်အလုပ်မှာ ကျွန်တော့်အမေဟာ ကောက်ကာငင်ကာ အပြင်းဖျားပါရော။ ဒီအခါမှာ ကျွန်တော်လည်း မပြန်နိုင်သေးဘဲ အမေ နေကောင်းတဲ့အထိ စောင့်ခဲ့ရာမှာ ဒီနေ့မှပဲ ပြန်ဖြစ်တော့တယ်။ ဒါကြောင့် နှစ်ပတ်အလိုက လူမှုဝန်ထမ်းဌာနက ရိုက်လိုက်တဲ့ကြေးနန်းဟာ ကျွန်တော်နဲ့လွဲပြီး ဒီနေ့မှ လာခဲ့တဲ့အတွက် အခုလို ဖြစ်ခဲ့ကြရတာပါ”

သက်လွင်က ကြုံခဲ့ရပုံ အလုံးစုံကို ပြန်လည် ရှင်းပြလေတော့သည်။

“သြော် . . . ဒါကြောင့်ကိုး။ ကျွန်မကတော့ ဒီအကြောင်းကို မသိရသေးတော့ ဒီဘူတာရောက်တော့ ကြိုဆိုတဲ့သူ မပေါ်လာတဲ့အခါမှာ တော်တော့်ကို စိတ်ညစ်သွားခဲ့ရတယ်။ ခုမှပဲ စိတ်သက်သာရာရတယ် ရှင်”

ခင်မျိုးဝင်းကလည်း ရယ်ရယ်မောမောနှင့် ပြန်လည် ရှင်းပြလိုက်လေသည်။ ထိုနောက် သက်လွင်သည် အနီးတွင် သူတို့ပြောဆိုနေကြသည်ကို ငေးကြည့်နေသည့် ရှုပိုင်နှင့် ခင်မျိုးဝင်းကို မိတ်ဆက်ပေးလေသည်။

mgyoe.com

mgyoe.com


"ဩော် . . . ဒေါက်တာ့ကို အဲလေ . . . ဒေါ်ခင်မျိုးဝင်းကို ဟောဒီက ရုံပိုင်ကြီးနဲ့ မိတ်ဆက်ပေးရဦးမယ်။ သူဟာ ကျွန်တော်နဲ့ ဗာစိတီတုန်းက ကလပ်မိတ်ပါ။ နာမည်က တင်ဦးတဲ့။ သူလည်း ကျွန်တော့်လိုပဲ ဒီနယ်ကို တာဝန်ကျခဲ့တာ မကြာသေးဘူး။ ဒါကြောင့် ကျွန် တော်နဲ့ဆိုင်တဲ့ စာတွေဆိုရင် ရုံးလိပ်စာနဲ့ လိပ်တပ်ပြီး ပေးထား ရတယ်။ သူကမှတစ်ဆင့် ကျွန်တော့်ဆီကို လူကြုံပါးပေးတယ်။ ဒေါ်ခင်မျိုးဝင်းလည်း ကျွန်တော့်လိုပဲ သူ့ရုံးလိပ်စာနဲ့ နာမည်ပေးထားမှ ဖြစ်မယ်"

သက်လွင်က မိတ်ဆက်ပေးလေလျှင် ရုံပိုင်နှင့် ခင်မျိုးဝင်းသည် ချိုသာသော အပြုံးများကိုယ်စီနှင့် အနောက်တိုင်းဆန်ဆန် တစ်ဦး လက်ကို တစ်ဦးဆွဲ၍ နှုတ်ဆက်လိုက်ကြလေသည်။

"ဟုတ်ကဲ့ . . . တွေ့ရတာ ဝမ်းသာပါတယ် ရှင်"

ခင်မျိုးဝင်း လက်ဆွဲနှုတ်ဆက်ရင်း ပြောသလို ရုံပိုင်တင်ဦး ကလည်း ပြန်ပြောလိုက်လေသည်။

"ကောင်းသားပဲ ရွှေ့ထားကြတာပေါ့။ ကျွန်မတော့ မနေနိုင်ဘူး။ ရှင်ပဲ ကူလီလုပ်ပြီး ရွှေ့ပေတော့"

ခင်မျိုးဝင်း၏စကားကို ကြားလိုက်ရလျှင် သက်လွင်မှာ မျက်နှာ တစ်ချက် ရှုံ့၍သွားခဲ့လေသည်။

"ဗျာ . . . ကျွန်တော် ရွှေ့ရမယ်"

"ဟုတ်တယ်လေ၊ ကူလီလည်း မရှိ၊ ကျွန်မကလည်း မနိုင်ဆို တော့ ရှင်မရွှေ့ ဘယ်သူရွှေ့မလဲ။ ဘာလဲ၊ ဒီလောက်ကလေးတောင် မကူညီချင်ဘူးလား"

"အေးပါဗျာ၊ ရွှေ့ပေးဆိုလည်း ရွှေ့ရတာပေါ့။ အင်း . . . တစ် လမ်းလုံး ခင်ဗျားအပေါ် ဗိုလ်ကျခဲ့သမျှ ခုမှပဲ ကျစျေးမိတော့တာပဲ"

mgyoe.com

mgyoe.com


ရှုံ့ရှုံ့မဲ့မဲ့နှင့် ပြန်ပြောလိုက်သော သက်လွင်၏စကားကြောင့် ခင်မျိုးဝင်းမှာ ပြုံး၍နေလေသည်။

ထိုနောက်တော့ သက်လွင်သည် ခင်မျိုးဝင်း၏ ပစ္စည်းများနှင့် သူ၏ ပစ္စည်းများကို အခေါက်ခေါက်အခါခါ ဘူတာရုံအပြင် ဘက်သို့ သယ်နေရလေသည်။

ပစ္စည်းများ သယ်၍အပြီးတွင် ရုံပိုင် တင်ဦးသည် ဒေါ့ဂျစ်ကား တစ်စီးနှင့် ရောက်ရှိလာခဲ့လေသည်။

"ကဲ . . . တင်ကြပေါ့၊ ငါ့မိတ်ဆွေရဲ့ကားမို့ ကားခတော့ ပေးစရာ မလိုပါဘူး"

ဆယ်မိနစ်ကြာလျှင် ပစ္စည်းများ အားလုံးမှာ ဒေါ့ဂျစ်ကားပေါ်သို့ ရောက်ရှိခဲ့ကြလေသည်။

"မင်းကော လိုက်ဦးမလားကွ"

သက်လွင်သည် ယိုစီးနေသော နဖူးပေါ်မှ ချွေးများကို လက်ကိုင် ပဝါနှင့်သုတ်ရင်း တင်ဦးကို လှမ်းမေးလေသည်။

"မလိုက်တော့ဘူးကွာ၊ ငါ့အလုပ်တွေ ရှိသေးတယ်။ ကဲ . . . ဒေါက်တာလည်း တက်လေ။ နောက် . . . လိုတာရှိရင် ကျွန်တော့်ဆီ မှာပေါ့"

တင်ဦးသည် ခင်မျိုးဝင်းအား ကားပေါ်တက်ခိုင်းရင်းမှ ပြောလေ သည်။

"ဟုတ်ကဲ့ . . . ကျေးဇူးတင်ပါတယ် ဦးတင်ဦး၊ ကဲ . . . သွားလိုက် ဦးမယ်"

ခင်မျိုးဝင်းကလည်း ကျေးဇူးတင်သောမျက်နှာနှင့် ပြန်ပြောနေစဉ် ဒေါ့ဂျစ်ကားမှာ စက်နှိုး၍ ဘူတာရုံမှ ထွက်ခဲ့လေသည်။

ကားပေါ်တွင် သက်လွင်နှင့် ခင်မျိုးဝင်းက ခုံတန်းတစ်ဖက်စီ

mgyoe.com

mgyoe.com


မျက်နှာချင်းဆိုင် ထိုင်နေကြရာမှ တင်ဦးကို ပြုံင်တူ လက်ဝှေ့ပြရင်း နှုတ်ဆက်ကြသလို တင်ဦးကလည်း ပြုံးရွှင်စွာနှင့် လက်ကိုဝှေ့ပြရင်း ကျန်ရစ်ခဲ့လေသည်။

❐

mgyoe.com

mgyoe.com

## နားထိုင်းတို့ရွာ သိကောင်းစရာ

"ဒါထက် မခင်မျိုးဝင်းကို မသိလို့ မေးရဦးမယ်။ စပ်စုတယ်လို့တော့ မထင်နဲ့နော်"

လမ်းတွင် သက်လွင်က စကားကို ပလ္လင်ခံရင်း စတင်လိုက်လေသည်။ ခင်မျိုးဝင်းသည် ပြုံးရွှင်သောမျက်နှာနှင့် သက်လွင်ကို ကြည့်ရင်း ပြန်ပြောလေသည်။

"မေးပါရှင် မေးပါ၊ မသိရင်မေး၊ မစင်ရင်ဆေးတဲ့။ စပ်စုလို့ မေးနေမှတော့ ကျွန်မက စပ်စုတယ်လို့ ထင်နေရဦးမှာလား။ ခစ် . . . ခစ် . . . ခစ်"

စကားအဆုံးတွင် ခင်မျိုးဝင်းသည် တခစ်ခစ်နှင့် ရယ်မောနေသည်။

"ဟာဗျာ . . . မခင်မျိုးဝင်းက အားကြီးနောက်တာပဲ။ နေဗျာ၊ ဒီလိုဆို မမေးတော့ဘူး"

သက်လွင်မှာ အနည်းငယ် ရှက်သွားဟန်နှင့် ကလေးဆိုးကြီးလို နှုတ်ခမ်းကိုစူ၍ ထားလိုက်လေသည်။

"အလကား နောက်တာပါ ရှင်၊ ကဲပါ မေးမယ်ဆိုတာသာ မေးစမ်း

mgyoe.com

mgyoe.com



ပါ။ ဖြေမယ့်သူက ပါးစပ်တပြင်ပြင်နဲ့ ဖြစ်နေပြီ"

ထိုအခါကျမှ သက်လွင်မှာ ပြုံးလာပြီး ခင်မျိုးဝင်းကို မေးလေသည်။

"တခြားတော့ မဟုတ်ပါဘူး။ ဘူတာရုံကို လိုက်ပို့တဲ့လူဟာ မခင်မျိုးဝင်းနဲ့ ဘာတော်တယ်ဆိုတာ သိချင်လို့ပါ"

"နို့ . . . ရှင့်စိတ်ထဲကကော ဘာတော်တယ် ထင်နေလို့လဲ"

"ကျွန်တော့်အထင်တော့ ဒီလူဟာ ခင်မျိုးဝင်းရဲ့ အစ်ကို တစ်ယောက်တော့ ဘယ်နည်းနဲ့မှ မဟုတ်နိုင်ဘူးဆိုတာရယ်၊ နောက်ပြီး မခင်မျိုးဝင်းကို တစ်ဖက်သတ် ကျိတ်ပိုးနေတဲ့လူသာ ဖြစ်ရမယ်လို့ ထင်တယ် ဟုတ်လား"

"ရှင့် အတွေးအခေါ်ဟာ သိပ်တော့ မဆိုးပါဘူး။ နီးစပ် သားပဲ။ မှန်ပါတယ် ရှင် ပြောသလိုပဲ။ ဒီလူဟာ ကျွန်မကို ကျိတ်ပိုး နေတဲ့သူ တစ်ယောက်ပဲ"

ဒီလို ကျိတ်ပိုးနေတဲ့လူမှန်း သိရင်လည်း မခင်မျိုးဝင်းက ဘာဖြစ်လို့ လက်ခံထားရတာလဲဗျာ။ ဘာလဲ။ ခင်မျိုးဝင်းကကော သူ့ကို ကျေနပ်နေလို့လား"

သက်လွင်က စကားကို ဖြတ်၍ ပြောလိုက်လေသည်။

"အခုထက်ထိတော့ ကျွန်မစိတ်ကို ကျွန်မ ပြန်ပြီး မေးမကြည့်ရ သေးလို့ အဖြေမပေးနိုင်သေးဘူး။ သူ့ကို လက်ခံပြီး သွားလာနေရတာက မိဘတွေကြောင့်ပါ"

"ဘယ်လို မိဘတွေကြောင့်လဲဗျာ"

"ဒီလိုလေ။ သူနဲ့ ကျွန်မကို နှစ်ဖက်မိဘချင်းက သဘောတူ စေ့စပ်ပြီးသား ရှင့်"

"ဟင်"

mgyoe.com

mgyoe.com

ခင်မျိုးဝင်းထံမှ စကားကို ကြားလိုက်ရလျှင် သက်လွင်မှာ "ဟင်" ခနဲ အာမေဋိတ်သံ ထွက်သွားပြီးနောက် သူ့ရင်ထဲတွင် အမျိုးအမည် မသိသော ခံစားမှုကြီးတစ်ခု ဖြစ်ပေါ်သွားခဲ့လေသည်။

"ဟဲ့ . . . သက်လွင်၊ ဒါက ဘာဖြစ်ရတာလဲ။ သူနဲ့ မင်းနဲ့ ဘာဆိုင်လို့ မင်းက မခံမရပ်နိုင်ဖြစ်ရတာလဲ"

သက်လွင်သည် သူ့ကိုယ်သူ အချိန်မီ စိတ်တွင်းမှ သတိပေးရင်း ပျက်နေသောမျက်နှာကို တဒင်္ဂအတွင်း ပြင်လိုက်လေသည်။

"ခ . . . ခင်ဗျားကကော ဒီလိုစေ့စပ်တာ သဘောတူသလား"

အလောတကြီးနှင့် မေးမြန်းလိုက်သော သက်လွင်ကိုကြည့်၍ ခင်မျိုးဝင်းမှာ ရယ်လိုက်မိပြန်လေသည်။

"ကျွန်မ ပြောပြီးပကော၊ သူ့ကို ယူဖို့၊ မယူဖို့ဆိုတာ မဆုံးဖြတ်ရသေးပါဘူးလို့။ ဒါပေမဲ့ လူကြီးတွေရဲ့ဆန္ဒကို လောလောဆယ် မပယ်ရှားချင်သေးတာနဲ့ စေ့စပ်ကြောင်းလမ်းတာကိုတော့ လက်ခံလိုက်တယ်"

"ဟာ . . . ခင်ဗျားကလည်း မနိပ်လိုက်တာ။ ကိုယ်ကိုယ်တိုင်က ဘာရယ်လို့ တိတိကျကျ မဆုံးဖြတ်ရသေးဘဲနဲ့များ စေ့စပ်တာကိုတော့ သဘောတူရသလားဗျ။ ခင်ဗျားကိုယ်ကိုယ် ခင်ဗျား ဒီလူလက်ကို ပုံအပ်လိုက်သလို ဖြစ်သွားရောပေါ့"

"မဆိုင်လိုက်တာ ရှင်၊ စေ့စပ်တာကို သဘောတူတိုင်း ဒီလူကို ယူရတော့မတဲ့လား။ စေ့စပ်ကြောင်းလမ်းတယ်ဆိုတာ တစ်ဦးနဲ့တစ်ဦး လက်ထပ်ဖို့ ကမ်းလှမ်းတာပဲ ရှိသေးတာ။ ဒါဟာ မခိုင်လုံသေးပါဘူး။ နောင်ကို ဖျက်ချင်ရင် ဖျက်နိုင်တာပဲ။ ဒီလို ပယ်ဖျက်ချင်တဲ့အခါ ဖျက်နိုင်ဖို့လည်း သူတို့ဘက်က သဘောတူကြပြီးသားပါ"

"ဒီလိုဆို တော်သေးပါရဲ့ဗျာ"

mgyoe.com

mgyoe.com


"ဘာတော်ပါသေးရဲ့လဲ ရှင့်၊ ရှင့်စကားက ဘာလိုလိုနဲ့"

ခင်မျိုးဝင်းက ဖြတ်မေးလိုက်ရာ သက်လွင်မှာ သူ့စကားပြော မှားသွားမှန်း သိသဖြင့် ရှက်သွားဟန်နှင့် မျက်နှာတစ်ခုလုံး နီမြန်း သွားပြီး စကားကို ကမန်းကတန်း ပြန်ပြင်ကာ ပြောလိုက်ရလေသည်။

"ဩော် . . . ဒီ . . . ဒီ . . . ဒီလိုပါလေ။ တော်ပါသေးရဲ့ဆိုတာက ခင်မျိုးဝင်းမှာ စေ့စပ်ကြောင်းလမ်းတာကို ဖျက်နိုင်တဲ့ အခွင့်အရေးရှိ တယ်ဆိုရင် ကျွန်တော်နဲ့အတူ နားထိုင်းတို့ရွာကလူတွေကို ပညာရေးနဲ့ ကျန်းမာရေး အစွမ်းကုန် လုပ်အားပေးခွင့်ရှိလို့ တော်သေးတာပေါ့လို့ ပြောတာပါ။ အထင်မလွဲပါဗျာ"

စကားအဆုံးတွင် သက်လွင်က သွားကြီးဖြီး၍ ပြလေသည်။

"ဆရာ . . . ဘယ်ဘက်လမ်းကို ကွေ့ရမှာလဲ"

ဒေါ့ဂျစ်ကားကို မောင်းနှင်နေသော ကားမောင်းသမားက ခပ် လှမ်းလှမ်းတွင် မြင်နေရသော လမ်းနှစ်သွယ်ကြောင့် နောက်ပြန်လှည့် ၍ သက်လွင်ကို မေးလိုက်လေသည်။

"အဲ . . . ဘယ်ဘက်ကလမ်းကို ကွေ့လိုက်ဗျာ"

သက်လွင်သည် ခေါင်းကိုငုံ့၍ ရှေ့သို့ကြည့်ရင်း ပြန်ဖြေလေ သည်။

"နားထိုင်းတို့ရွာဆိုတာ ဘယ်လိုလဲ ရှင်၊ တစ်ရွာလုံး နားတွေ ထိုင်းနေကြလို့လား"

ခင်မျိုးဝင်းက စကားကို ပြန်ဆက်လေသည်။

"ဟုတ်တယ်၊ တစ်ရွာလုံးရှိသမျှ ကလေး၊ လူကြီးတွေသာ မကဘူး။ ဘုန်းတော်ကြီးကအစ နားထိုင်းနေကြတာပဲ။ သူတို့အဖြစ်ဟာ သနားစရာလည်းကောင်း၊ ရယ်စရာလည်း ကောင်းတယ်ဗျ"

"ဘာဖြစ်လို့ တစ်ရွာလုံး ထူးထူးဆန်းဆန်း နားထိုင်းနေကြ

mgyoe.com

mgyoe.com


ရတာလဲ။ မွေးကတည်းက ထိုင်းနေကြလို့လား"

ခင်မျိုးဝင်းက ကရုဏာ မကင်းသံနှင့် ဆက်မေးမြန်းသည်။

"မဟုတ်ဘူးဗျ၊ စစ်ပေါ့ဗျာ၊ စစ် . . . စစ် . . . စစ်ဒဏ်ကြောင့် ထိုင်းခဲ့ကြရတာပဲ"

"ဘယ်လိုစစ်ကြောင့် ထိုင်းရတာလဲ၊ ရှင်းပြစမ်းပါဦး ရှင်"

"ဒီလိုလေဗျာ၊ ဂျပန်ခေတ်က ဒီရွာဟာ တော်တော်ကလေး စည်ကားဖွံ့ဖြိုးခဲ့ကြတယ်ဗျ။ ဒါကြောင့် ဂျပန်စစ်တပ် တစ်တပ်ဟာ ဒီရွာနားမှာ စတည်းချပြီး စစ်အခြေခံ စခန်းတစ်ခုကို ဆောက်လုပ်နေတုန်းမှာ အင်္ဂလိပ်နဲ့ အမေရိကန်တွေက သိပြီး လေယာဉ်ပျံတွေ တဝီဝီနဲ့ ဗုံးတွေ လာပြီးအကြဲမှာ ဒီဂျပန်စစ်တပ်ကိုသာ မကဘူး။ ရွာသူ၊ ရွာသားတွေကိုပါထိပြီး သေတဲ့လူသေ၊ ကျိုးတဲ့လူကျိုး၊ ကန်းတဲ့သူကန်းနဲ့ ဖြစ်ခဲ့တယ်။ နောက် မသေလို့ ကျန်ခဲ့တဲ့သူတွေကျတော့လည်း ဗုံးဒဏ်ကြောင့် နားတွေဟာ ပျက်စီးချို့ယွင်းကုန်ခဲ့ပြီး နားထိုင်းတွေဖြစ်ကုန်ကြတောပဲ။ အဲ့ရွာဟာ နားထိုင်းတွေချည်းပဲ စုစည်းပြီး ထူထောင်လာခဲ့တာ အခုဆိုရင် အတော်ကလေးတော့ စည်စည်ကားကား ဖြစ်နေပါပြီ။ ဒါပေမဲ့ . . ."

ထိုနေရာသို့အရောက်တွင် သက်လွင်သည် မောသွားဟန်နှင့် စကားကို ရှေ့သို့ မဆက်သေးဘဲ အိတ်တွင်းမှ ခြူးဆေးပေါ့လိပ် တစ်လိပ်ကို ထုတ်၍ မီးခြစ်ကာညှိရင်း သောက်ဖွာနေလေသည်။ ဒေါ့ဂျစ်ကားကလေးကတော့ တစ်နာရီလျှင် မိုင် ၃၀ ခန့်မောင်းရင်း ခရီးကို ဆက်နေလေသည်။

"ဒါပေမဲ့ . . . ဘာဖြစ်သလဲ ရှင်၊ ဆက်ပြောပါဦး"

ခင်မျိုးဝင်းက စိတ်မရှည်ဟန်နှင့် လှမ်းပြောလေသည်။

"ပြောပါ့မယ်ဗျာ၊ ခံတွင်းချဉ်လာလို့ ဆေးလိပ်ကလေး ခဏ

mgyoe.com

mgyoe.com


လောက်တော့ သောက်ပါရစေဦး"

သက်လွင်သည် ထိုသို့ ပြန်ပြောပြီးနောက် စကားကို ဆက်၍ ပြောလေသည်။

"ဒါပေမဲ့လို့ ကျွန်တော် ပြောခဲ့တာက အကြောင်းရှိတယ်ဗျ။ ဘယ်လိုလဲဆိုတော့ ဒီရွာကလူတွေဟာ အားလုံး နားထိုင်းတွေချည်း ဖြစ်နေတဲ့အတွက် သူတို့ရဲ့လုပ်အားနဲ့ ရင်းနှီးပြီး စိုက်ပျိုးခဲ့တဲ့ စပါးသီးနှံတွေဟာ အစိုးရက သတ်မှတ်တဲ့ဈေးအတိုင်း ခမျာများ ဘယ်တုန်းကမှ မရခဲ့ဘူး။ သူတို့တစ်တွေ မြို့ပေါ်က လူလည်လူရှုပ် ကုန်သည်တွေက ခေါင်းပုံဖြတ်စနစ်နဲ့ ဗိုလ်ကျပြီး ဈေးကို မတန်တဆ နှိမ်ပြီး ဝယ်ခဲ့ကြတယ်"

"ဟင် . . . ဒီအကြောင်းကို အစိုးရက မသိဘူးလား"

ခင်မျိုးဝင်းက မခံချင်သံနှင့် ပြန်မေးလေသည်။

"ကျွန်တော့်အထင်တော့ မသိဘူးလို့ ထင်တယ်။ နောက်တစ်ချက်ကလည်း ဒီနားထိုင်းတွေနေတဲ့ရွာဟာ သူပုန်နယ်တစ်ပိုင်း ဖြစ်နေလို့ အစိုးရကခန့်တဲ့ စပါးအဝယ်ဒိုင်တွေကလည်း မသွားရဲဘူး။ အဲ...နားထိုင်း လယ်သမားကြီးတွေကလည်း အစိုးရဆီ လာမရောင်းဝံ့ဘူး။ အဲဒီတော့ကာ ကုန်သည်လူလည်တွေအတွက် စားပေါက်ပွင့်နေတာပေါ့။ အဲဒီထက် ဆိုးတာကတော့ ဒီရွာကို စပါးသီးနှံတွေ ရိတ်သိမ်းပြီးလို့ ရောင်းချပြီးကြတဲ့ အချိန်ကျရင် သူပုန်တွေက ဆက်ကြေးအဖြစ်နဲ့ လာပြီး ငွေကို ဓားပြတိုက်တော့တာပဲ"

"အို...ကျွတ်ကျွတ်၊ ကြားရတာ စိတ်မချမ်းသာလိုက်တာ ရှင်။ ဒုက္ခိတတစ်တွေရဲ့ ချွေးနဲ့စာကို ဒီသူပုန်တွေက မျိုကျသလား ရှင်"

"သူပုန်ပါဆိုမှပဲ ခင်ဗျားက ဘုရားလောင်းတွေမှတ်ပြီး မျိုကျသလား ဘာလား ပြောနေရသလား။ မျိုကျလို့ ဒီလိုပဲ နှစ်တိုင်း

mgyoe.com

mgyoe.com


လုပ်နေကြတာပေါ့ဗျ"

"ဒီလိုဆို ကျွန်မတို့တစ်တွေ ဒီနယ်ကို သွားလို့ဖြစ်ပါ့မလား"

"ဒါကတော့ စွန့်စားခန်းတစ်ခုလို သဘောထားပြီး သွားရ မှာပဲ။ ကျွန်တော်တို့ ကိုယ်ကို ကျွန်တော်တို့က အစိုးရ အမှုထမ်းလို့ မပြောဘဲ ရိုးရိုး အရပ်သားတွေအနေနဲ့ သွားရမှာပဲ။ ပြီးတော့ သူပုန်တွေဟာ လည်း ဒီရွာကို အမြဲတမ်း လာနေကြတာမဟုတ်ပါဘူး။ သူတို့ အပင်း လျှိုကြဖို့ ငွေတွေရပြီးသွားကြရင် ပြန်ကြတာပါပဲ။ ဗျို့ . . . ကားဆရာ ရှေ့နားက လှည်းလမ်းကြောင်းကလေးရောက်ရင် ကားကိုကွေ့ပြီး လမ်း . . . လမ်းကြောင်းအတိုင်း မောင်းသွားပါဗျို့။ ရွာကို ရောက်လု ပါပြီ"

ခင်မျိုးဝင်းကို ပြောနေရာမှ သက်လွင်သည် ကားသမားကို တစ်ဆက်တည်း လှမ်းပြောလိုက်သည်။

ကားသမားသည် သက်လွင်ပြောသည့်အတိုင်း ကားကို လှည်း လမ်းကြောင်းအတိုင်း ချိုးကွေ့၍ တစ်နာရီလျှင် ၁၅ မိုင်နှုန်းနှင့် ခပ်မှန်မှန် မောင်းနှင်သွားလေသည်။ ကား၏အနောက်ဘက်တွင်တော့ ဖုန်လုံးကြီးများမှာ တလိပ်လိပ်နှင့်ထ၍ ကျန်ရစ်ခဲ့လေသည်။

"အခုသွားမှာက ဘာရွာလဲ၊ နားထိုင်းတို့ရွာပဲလား"

ခင်မျိုးဝင်းက ခပ်လှမ်းလှမ်းတွင် မြင်တွေ့နေရသော ရွာကလေး ကို လှမ်းကြည့်ရင်း မေးလေသည်။

"မဟုတ်ဘူးဗျ၊ နားထိုင်းတို့ရွာက တော်တော် လှမ်းပါသေး တယ်။ အခုသွားမယ့်ရွာက ကျွန်တော် တာဝန်ကျတဲ့ လယ်သမား ရွာကလေးပဲ။ အဲဒီရွာမှာပဲ ခင်ဗျားနဲ့ ကျွန်တော်တည်းပြီး နောက် တစ်နေ့ကျမှ နားထိုင်းတို့ရွာကို သွားကြတာပေါ့"

"ဒီရွာနဲ့ နားထိုင်းတို့ရွာက ဘယ်လောက်ဝေးသေးသလဲ"

mgyoe.com

mgyoe.com


"အဲ . . . သုံးမိုင်လောက်တော့ ဝေးတယ်ဗျ။ အလယ်မှာ ချောင်းကြီးတစ်ခုလည်း ခြားသေးတယ်။ ညကျမှ ခင်ဗျားကို နားထိုင်းတို့ ရွာကလူတွေအကြောင်းကို ပြောပြရဦးမယ်။ ရယ်စရာတော့ သိပ်ကောင်းတာပဲ"

ထိုသို့ သက်လွင်က ပြန်ပြောနေစဉ်တွင် သူတို့စီးလာသော ကားကလေးမှာ ရွာထဲသို့ ရောက်ရှိခဲ့သဖြင့် စကားလည်း ပြတ်သွားခဲ့ကြလေသည်။

ရွာတွင်းမှ လူကြီးတွေမှာ ဒေါ့ဂျစ်ကားကလေးဆီသို့ လှမ်း မျှော်၍ကြည့်ကြရာ သက်လွင်ကို မြင်တွေ့ကြရလျှင် သူတို့မျက်နှာတွေမှာ သကာလူးထားသလို ပြုံးချို၍ သွားခဲ့ကြလေသည်။

"ဟော . . . ဆရာလေး ပြန်လာပြီဟ"

ဝမ်းသာအားရနှင့် လူကြီးများက လှမ်းပြောရင်း သက်လွင်ကို ချစ်ခင်လေးစားစွာနှင့် အိမ်ပေါ်မှ လက်ဇွေ့ယမ်းပြရင်း နှုတ်ဆက်ကြလေသည်။

ကလေးတွေကတော့ ဒေါ့ဂျစ်ကားနောက်မှ ခုန်ပေါက်ပြေးလွှားရင်း ပျော်ရွှင်မြူးတူးစွာ လိုက်ပါလာခဲ့ကြလေသည်။ သက်လွင်ကလည်း ကားပေါ်မှ ၎င်းကို ကိုယ်တစ်ပိုင်းကိုထွက်၍ အိမ်ပေါ်မှ လူများကို လက်ပြနှုတ်ဆက်နေလေသည်။

"အဲဟို ရှေ့နားက နှစ်ထပ်ပျဉ်ထောင်အိမ်ကြီးမှာ ရပ်ဗျို့"

သက်လွင်သည် ကားမောင်းသူအား လက်ညှိုးထိုး၍ပြရင်း ပြောပြလေသည်။

ကားမောင်းသမားလည်း သက်လွင်ညွှန်ပြသည့် အိမ်ရှေ့တွင် ဒေါ့ဂျစ်ကားကို ထိုးရပ်လိုက်လေသည်။

"ကဲ . . . ရောက်ပြီ မခင်မျိုးဝင်း၊ ဒီအိမ်မှာပဲ ကျွန်တော်တို့

mgyoe.com

mgyoe.com


တည်းရမယ်"

သက်လွင်သည် ခင်မျိုးဝင်းအားပြောရင်း ဒေါ့ဂျစ်ကားပေါ်မှ အရင် ဆင်းလိုက်လေသည်။ ထိုအခိုက်မှာပင် အိမ်တွင်းမှ အသက် ၅၀ ကျော်ခန့်ရှိ အရပ်ထောင်ထောင်မောင်းမောင်း နှုတ်ခမ်းမွေး ကားကားနှင့် လူကြီးတစ်ဦးမှာ ပျာယီးပျာယာနှင့် ခပ်သွက်သွက်ကလေး ဆင်းကာ သက်လွင်ထံသို့ လျှောက်လာခဲ့လေသည်။

"အားနာစရာတော့ တော်တော့်ကို ကောင်းနေပြီ ဆရာလေး ရေ့။ ဆရာလေးရေးပို့လိုက်တဲ့စာဟာ ခုနင်ကလေးတွင်ရလို့ ဦးလည်း လာမကြိုဖြစ်တော့ဘူး။ စိတ်မဆိုးနဲ့နော်"

ထိုလူကြီးက အားနာသော မျက်နှာနှင့် သက်လွင်ကို တောင်းပန်လိုက်လေသည်။

"ဟာ . . . စိတ်မဆိုးပါဘူး ဦးရယ်၊ အဆင်မပြေလို့သာ လာပြီး မကြိုကြတာပဲလို့ ကျွန်တော်လည်း ထင်သားပဲ။ ဒီအတွက်တော့ စိတ်မကောင်းဖြစ်မနေကြပါနဲ့"

ရယ်ရယ်ပြုံးပြုံးနှင့် သက်လွင်က ပြန်ပြောပြီးနောက် သူ၏ အနီးတွင်ရပ်နေသော ခင်မျိုးဝင်းဘက်သို့ လှည့်၍ ထိုလူကြီးနှင့် မိတ်ဆက်ပေးလိုက်လေသည်။

"သြော် . . . ဒါထက် မိတ်ဖွဲ့ပေးရဦးမယ်။ ဟောဒီက အမျိုးသမီးကတော့ ဒေါက်တာ ခင်မျိုးဝင်းဆိုတာပဲ ဦး။ နားထိုင်းတို့ရွာကို သွားကုဖို့ ရန်ကုန်က လွှတ်လိုက်တာပဲ။ ဒီမှာ ခင်မျိုးဝင်း၊ ဟောဒီက ဦးကြီးကတော့ ဒီရွာကသူကြီးပဲ။ နာမည်ကတော့ ဦးငွေကိုင်တဲ့။"

သက်လွင်က မိတ်ဆက်ပေးလိုက်ရာ ခင်မျိုးဝင်းနှင့် ဦးငွေကိုင်တို့မှာ တစ်ဦးကိုတစ်ဦး ပြုံး၍ ခေါင်းညိတ်ပြလိုက်ကြလေသည်။

"ကဲ . . . ပစ္စည်းတွေ ကားပေါ်က ချကြရအောင်ဟေ့။ ဘသိုက်

mgyoe.com

mgyoe.com


နဲ့ ညိုကြီးတို့ သယ်ကြလေကွာ။ ဆရာဝန်မလေးရဲ့ ပစ္စည်းတွေကို အပေါ်ထပ်က မယ်စိန်ရဲ့အခန်းကိုပို့။ ဆရာလေးရဲ့ ပစ္စည်းတွေတော့ အောက်ထပ်က သူ့အခန်းကိုပဲ ပို့ကြပေါ့"

ဦးငွေကိုင်သည် သူ့တပည့်နှစ်ဦးကို လှမ်း၍ပြောရင်း ပစ္စည်းတွေကို အသယ်ခိုင်းနေလေသည်။

"လာ . . . မခင်မျိုးဝင်း၊ အိမ်ထဲ ဝင်ကြရအောင်"

သက်လွင်သည် ခင်မျိုးဝင်းအားခေါ်၍ အိမ်တွင်းသို့ ရှေ့မှ ဝင်သွားလေရာ ခင်မျိုးဝင်းနှင့် ဦးငွေကိုင်လည်း နောက်မှ လိုက်သွားခဲ့ကြလေသည်။ အိမ်ထဲသို့ ရောက်ကြသောအခါတွင် နောက်ဖေးခန်းမှ ထွက်လာခဲ့သော ဦးငွေကိုင်၏ ဇနီးဖြစ်သူ ဒေါ်လှခင်မှာ သက်လွင်နှင့် ခင်မျိုးဝင်းကို တွေ့လိုက်ရလျှင် . . .

"ဟော . . . ဒီတစ်ခါတော့ ဆရာလေးက တစ်ယောက်တည်း မဟုတ်ပါလား။ စုံတွဲကို ခုတ်လာတာပဲ"ဟူ၍ သူထင်ရာကို သူ ပြောချလိုက်ရာ သက်လွင်မှာ အားနာသွားဟန်နှင့် ခင်မျိုးဝင်းကို တောင်းပန်သည့်မျက်နှာနှင့် လှည့်၍ကြည့်လိုက်သည်။ ခင်မျိုးဝင်းကတော့ ရှက်သွားဟန်နှင့် မျက်နှာကို ငုံ့၍ထားလေသည်။ ဦးငွေကိုင်မှာလည်း သူ့ဇနီး၏စကားကြောင့် အားတုံ့အားနာကြီးဖြစ်ကာ ဒေါသနှင့် ပြန်ပြောလေသည်။

"ဟေ့ . . . ရှင်မရဲ့ စကားပြောရင် ကြည့်ပြောပါကွယ့်၊ ဆရာလေးနဲ့ ဒီက ဆရာဝန်မကြီးက မိတ်ဆွေတွေပါဟ။ မင်းထင်သလို မဟုတ်ပါဘူး"

"ဟောတော့ . . . ကန်တော့ . . . ကန်တော့ . . . ဆရာလေးရေ့။ ကျုပ်ကို စိတ်မဆိုးနဲ့နော်"

ထိုအခါကျမှ ဒေါ်လှခင်မှာလည်း အထင်နှင့် ရမ်းပြောလိုက်မိ

mgyoe.com

mgyoe.com


သော သူ့စကားကို နောင်တရသွားကာ ဝမ်းနည်းဟန်နှင့် သက်လွင်တို့ကို လှမ်းကြည့်ရင်း တောင်းပန်စကား ပြောကြားလိုက်လေသည်။

ထိုနောက်တော့ . . . အိမ်ရှေ့ခန်းတွင်ရှိသော ကုလားထိုင်များပေါ်တွင် သူတို့အားလုံးသည် ဝင်ရောက်၍ ထိုင်လိုက်ကြပြီးနောက် အာလာပ သလ္လာပ စကားကို တစ်ယောက်တစ်လှည့် မေးမြန်းပြောဆိုနေကြလေသည်။

❐

mgyoe.com

mgyoe.com

# မယုံလျှင် ပုံပြင်ပေပေါ့

ဟောမန္တရာသီဦးမို့ မြူနှင်းပုလဲတို့သည် ပတ်ဝန်းကျင်တစ်ဝိုက်ကို ရစ်သိုင်းဖွဲ့၍နေကြသည်။ ဆည်းဆာနံနက်၏ ထွက်ပြူစ နေခြည်ရောင်သည် နှင်းငွေ့များကို ဖောက်ထွင်း၍ တစ်စတစ်စနှင့် အမိမြေ ကမ္ဘာဆီသို့ အလင်းရောင်ဓာတ်ကို ပေးနေသည်။

သက်လွင်နှင့် ခင်မျိုးဝင်းတို့သည် နံနက်စောစောတွင် အိပ်ရာမှ ထခဲ့ကြပြီးနောက် ရွာအပြင်သို့ လမ်းလျှောက်ထွက်ခဲ့ကြလေသည်။

ရွာအပြင်ဘက်တွင်တော့ ကြီးမားကျယ်ပြန့်သော လယ်ကွင်းပြင်ကြီးကို တွေ့မြင်နိုင်ပေသည်။ မိုးအကုန် ဆောင်းအကူးမို့ လယ်ကွင်းပြင်ကြီးထဲတွင် ဝင်းဝင်းမှည့်၍နေကြသော စပါးနှံပင်များမှာ ရွှေတောင်ကြီးပမာ ထိန်ထိန်ဝင်း၍ နေလေသည်။

သက်လွင်နှင့် ခင်မျိုးဝင်းတို့သည် သန့်ရှင်းလတ်ဆတ်သော လေကောင်းလေသန့်တို့ကို တစ်ဝကြီး ရှူရှိုက်ရင်း လယ်ကွင်းအနီးမှ ဖြတ်၍ လျှောက်လာကြသည်။

"ဒီနေရာက စပါးပင်ကြီးတွေက သိပ်သန်တာပဲနော်။ အဝင်းတို့အောက်ဘက်မှာတောင် ဒီလောက်မြင့်တဲ့ အပင်မျိုး သိပ်ရှိမယ်

mgyoe.com

mgyoe.com


မဟုတ်ဘူး"

ခင်မျိုးဝင်းက စပါးပင်များကိုကြည့်၍ အားရသံနှင့် ပြောလေသည်။ သူ့ကိုယ်သူလည်း "ကျွန်မ"အစား "အဝင်း"ဟူ၍ ရင်းနှီးသံနှင့် သုံးလိုက်လေသည်။

"ဟုတ်တယ် မခင်မျိုးဝင်း၊ ဒီရွာကို စိုက်ပျိုးရေးဘက်က လူတွေလာပြီး သိပ္ပံနည်းကျတဲ့ စိုက်ပျိုးရေးတွေကို လက်တွေ့လာပြပြီးကတည်းက ဒီရွာကထွက်သမျှ သီးနှံတွေရော စပါးပင်တွေပါ အလွန်ထွားကျိုင်းပြီး အောင်မြင်ခဲ့ကြတာပဲ"

"ဆရာကလည်း အဝင်းကို မခင်မျိုးဝင်းလို့ မခေါ်ပါနဲ့တော့။ လူချင်း ဒါလောက် ခင်မင်နေမှပဲ အဝင်းလို့သာ ခေါ်ပေါ့ ဆရာ"

ခင်မျိုးဝင်းက ကြည်လင်ဝင်းစက်သော မျက်လုံးကလေးကို ခပ်စွေစွေကလေးနှင့် ထိုးကာကြည့်ရင်း သက်လွင်ကို ပြောလေသည်။

"ဩော် . . . ဟုတ်ကဲ့၊ အဝင်း ခေါ်စေချင်ရင်လည်း အဝင်းလို့ခေါ်ရတာပေါ့။ အဲ . . . ကျွန်တော့်ကိုလည်း ဆရာ . . . ဆရာနဲ့ မခေါ်စေချင်ဘူး။ နာမည်ကိုသာ ခေါ်ပေါ့ဗျာ"

သက်လွင်က ရယ်ရယ်မောမောနှင့် ပြန်ပြောလေသည်။

"ကောင်းလှပါပြီ ရှင်၊ ဒီကနေ့ကစပြီး အဝင်းကလည်း ဆရာ့ကို ကိုလွင်လို့ ခေါ်ပါ့မယ်။ ဟုတ်ပလား"

စကားအဆုံး နှစ်ဦးစလုံး သဘောကျသွားဟန်နှင့် တခစ်ခစ် ရယ်မောနေကြလေသည်။

"အဝင်းလေ သိတတ်တဲ့ အရွယ်ကစပြီး လယ်သမားတွေ ဆိုရင် သိပ်ပြီး သနားတာပဲ"

ခင်မျိုးဝင်းက စကားကို ဆက်ပြန်လေသည်။

"အဲ . . . အဝင်းက စလို့ မေးရဦးမယ်။ အခု အဝင်း ဒီကို

mgyoe.com

mgyoe.com


လာခဲ့တုန်းက အဝင်းရဲ့ မိဘတွေကို မတွေ့ရပါလား။ ဟိုလူတစ်ယောက်တည်း အဝင်းကို လိုက်ပို့တာ တွေ့ရတယ်"

"အဝင်းရဲ့ မိဘတွေက ဒီကိုလာတာ နည်းနည်းကလေးမှ သဘောကျတာမှ မဟုတ်ဘဲ။ အဝင်းက ဇွတ်လာလို့သာ သူတို့က ကြည့်နေကြရတာ။ ဒါကြောင့် အဝင်းကို ဆန္ဒပြ ကန့်ကွက်ကြတဲ့အနေနဲ့ ဘူတာကို လိုက်မပို့ကြဘူးလေ။ ကိုကိုသန်းကသာ အဝင်းအတွက် လက်မှတ်လည်းဝယ်ပေး၊ ဘူတာကိုလည်း လိုက်ပို့ပေးတာ"

"ဩော် . . . ဟုတ်ပြီ၊ ဒါကြောင့်သာ အဝင်းနဲ့ ကျွန်တော်ဟာ တစ်ခန်းတည်းကို လာကျနေတာကိုး။ ကေန္တ ဒီလူဟာ လက်မှတ်ဝယ်တုန်းက သူ့နာမည်ကိုပဲ ပြောဝယ်လိမ့်မယ်။ အဝင်းနာမည်နဲ့သာ ဝယ်ရင် အခုလို ကျွန်တော်နဲ့ တစ်ခန်းတည်းမှာ ကျမှာမဟုတ်ဘူး။ ဒီလိုမကျရင်လည်း တစ်ဦးနဲ့တစ်ဦး ဘုဘောက်တွေကျပြီး ပျော်စရာကြီးဖြစ်မှာ မဟုတ်ဘူး။ အခုတော့ ကျွန်တော်တို့တစ်တွေဟာ တစ်လမ်းလုံး ရန်ဖြစ်လာကြတာ ပျော်စရာကြီးပဲ။ ဟား . . . ဟား . . . ဟား"

သက်လွင်က ပြောရင်းရယ်လိုက်ရာ ခင်မျိုးဝင်းပါ လိုက်၍ ရယ်လိုက်လေသည်။

"အင်း . . . ကိုလွင်ပြောလည်း ပြောစရာပဲ။ အဲဒီတုန်းကဆို အဝင်းရဲ့ စိတ်ထဲမှာ ကိုလွင့်ကို လူဝွစာ၊ လူဂလန့်ကြီးလို့ထင်ပြီး သိပ်မုန်းနေတာ"

"အခုတော့ကောဗျာ"

"ဩော် . . . အခုတော့ ကိုလွင်ရဲ့ သဘောကိုသိရလို့ မမုန်းတော့ပါဘူး။ အစ်ကိုတစ်ယောက်လို ခင်မင်သွားပါပြီ။ ပြီးတော့ တောနေလူတန်းစားအပေါ်မှာ မေတ္တာ စေတနာထားပြီး လုပ်အားပေး

mgyoe.com

mgyoe.com


နေတဲ့သူမို့လည်း အဝင်းက လေးစားပါတယ်"

"အခုလို ကြားသိရတာ ဝမ်းသာပါတယ်၊ ကျွန်တော်ကလည်း အဝင်းကို ရထားပေါ်မှာ တွေ့စကတော့ ဆတ်ကော့လတ်ကော့ မိန်းမ စားထဲကမှတ်ပြီး ခပ်ချဉ်ချဉ်နဲ့ ဘုတွေ မှတ်ခဲ့တာပါ။ အခုတော့ အဝင်း ဟာလည်း တစ်ရာမှာတစ်ယောက်၊ တစ်ထောင်မှာတစ်ယောက် ဒီအင်မတန်မှ ထားနိုင်တဲ့စိတ်ထားမျိုးနဲ့ တောရွာကို ဒုက္ခခံဆင်းပြီး လူဘောင့်အဖွဲ့အစည်းများထဲက အလိုလိုအပယ်ခံနေကြရရှာတဲ့ နားထိုင်းတွေကို ဆေးကုပေးမယ်ဆိုတာ သိရလို့ ကျွန်တော်ဟာ အဝင်းကို လေးစားချီးကျူးလို့ မဆုံးတော့ပါဘူး။ အဝင်းလို လူကုံထံ အသိုင်း အဝိုင်းထဲကလည်းဖြစ်၊ နိုင်ငံခြားလည်း ဆေးပညာဘွဲ့ကို ဆွတ်ခူး အောင်မြင်ခဲ့တဲ့ သူတစ်ယောက်ဟာ အခုလို တောလက် ကျေးရွာကိုလာပြီး ဆေးကုသတယ်ဆိုတာ ယုံတမ်းစကားတစ်ခုလိုပဲ ဖြစ်နေပါတယ်။ ရန်ကုန်မှာသာ ဆေးခန်းကြီးဖွင့်ပြီး ဆေးကုကြတာ များတာပါပဲ"

"မှန်ပါတယ် ရှင်၊ များသောအားဖြင့် နိုင်ငံခြားက ဘွဲ့ရတဲ့ ဆရာဝန်တွေမှန်ရင် ရန်ကုန်မြို့မှာသာ ဆိုင်ဖွင့်ပြီး ဆေးကုကြတာ များပါတယ်။ ဒါပေမဲ့ အဝင်းကတော့ ဘာဖြစ်လို့ ရန်ကုန်မှာမနေဘဲ တောကိုလာပြီး ကုသလဲလို့ မေးစရာရှိပါတယ်။ ဒီအကြောင်းကို အဝင်း ရှင်းပြီးပြပါ့မယ်။ ကဲ . . . ဟောဟိုရှေ့က ကုက္ကိုပင်အောက်မှာ ခဏလောက် ထိုင်ကြပါစို့လား ကိုလွင်"

ခင်မျိုးဝင်းသည် မနီးမဝေးတွင်ရှိသော ကုက္ကိုပင်ကို လက်ညှိုး ထိုး၍ပြရင်း ထိုနေရာသို့ ဆက်လျှောက်သွားခဲ့လေတော့သည်။

ကုက္ကိုပင်အောက်သို့ ရောက်ရှိကြလျှင် သက်လွင်နှင့် ခင်မျိုးဝင်း တို့သည် ဒံပင်၏ အမြစ်ကြီးများပေါ်တွင် မျက်နှာချင်းဆိုင် ထိုင်ကြ

mgyoe.com

mgyoe.com

လေသည်။

သက်လွင်သည် ကုက္ကိုပင်ပေါ်တွင် ထိုင်ပြီးသောအခါတွင် အိတ်တွင်းမှ ခြူးဆေးပေါ့လိပ်တစ်လိပ်ကို ထုတ်ယူ၍ မီးညှိကာ သောက်ရင်း ခင်မျိုးဝင်း၏အပြောကို ငံ့လင့်နေလေသည်။

ခင်မျိုးဝင်းသည် ခပ်လှမ်းလှမ်းတွင်ရှိသော စပါးများကို လှမ်းမျှော်ကာ တစ်ချက် ကြည့်လိုက်ပြီးနောက် စကားကိုပင် ဆက်လိုက်လေသည်။

"ဒီလို ရှင့်၊ အဝင်းရဲ့အဖေဟာ အဝင်းရဲ့အမေနဲ့ အိမ်ထောင်မကျတုန်းကဆိုရင် လယ်သမားကြီးတစ်ယောက်ပဲ။ ဖေဖေဟာ သူဌေးဖြစ်ဖို့ဇာတာ ပါလာသလား မသိဘူး။ ဖေဖေ လုပ်ခဲ့သမျှ နှစ်တွေမှာ စပါးဈေးကလည်းကောင်း၊ အဖျက်အဆီးဆိုလို့လည်း လုံးဝမရှိတဲ့အတွက် ဖေဖေဟာ လယ်လုပ်သားဘဝကနေ လယ်ပိုင်ရှင်သူဌေးကြီးဖြစ်လာခဲ့တယ်။ နောက် မေမေနဲ့ အိမ်ထောင်ကျတဲ့အခါ မေမေရဲ့စီမံအုပ်ချုပ်မှုကြောင့် စီးပွားရေးဟာ ဆတက်ထမ်းပိုး တိုးပြီး ချမ်းသာလာခဲ့တာဟာ အခုထက်ထိပဲ။ အဝင်းတို့မှာ မောင်နှမနှစ်ယောက်ရှိပါတယ်။ အဝင်းက အငယ်ပါ၊ အဝင်းရဲ့အထက်မှာ အစ်ကိုတစ်ယောက်ရှိပါတယ်။ အဝင်းရဲ့အစ်ကိုဟာ လွန်ခဲ့တဲ့ ရှစ်နှစ်ကတည်းက တပ်မတော်မှာဝင်ပြီး အမှုထမ်းနေခဲ့တယ်။ အခုမော်လမြိုင်က ခြေလျင်တပ်ရင်းတစ်ခုမှာ တပ်ရင်းမှူးဖြစ်နေတယ်။ နာမည်က ဗိုလ်မှူးတင်စိုးတဲ့။ အဲ . . . အဝင်းဟာ ဘာကြောင့် မြို့နေလူတန်းစားထက် တောနေလူတန်းစားကို ပိုပြီး စိတ်ဝင်စားမှု ဖြစ်လာတာကို ပြောပြမယ်"

ခင်မျိုးဝင်းသည် မောသွားဟန်နှင့် စကားကို ခေတ္တမျှ ဖြတ်ကာထားလေသည်။ မိနစ်ဝက်ခန့်နားပြီးမှ စကားကို ပြန်ဆက် လေသည်။

"အဝင်း ဆယ့်နှစ်နှစ်သမီး အရွယ်တုန်းကပေါ့၊ တစ်နေ့ မနက်မှာ

mgyoe.com

mgyoe.com


အဝင်းတို့အိမ်ကို အသက်ခြောက်ဆယ်လောက်ရှိကြတဲ့ အဘိုးကြီးနဲ့ အဘွားကြီးတို့ဟာ ထောပတ်ငှက်ပျောခိုင်ကြီးတစ်ခိုင်နဲ့ ရောက်လာကြတယ်။ ဒီအချိန်မှာ အဝင်းတို့ အိမ်သားအားလုံးဟာ လက်ဖက်ရည်ခန်းထဲမှာ လက်ဖက်ရည် သောက်နေကြတယ်။ နေ့ဒက် မကြာခင်မှာပဲ ဖေဖေနဲ့ မေမေဟာ လက်ဖက်ရည် ကမန်းကတန်း သောက်ပြီး ဒီအဘိုးကြီး လင်မယားရောက်နေတဲ့ဆီကို ထသွားကြတယ်။ ပထမတော့ အဝင်းလည်း အမှုမဲ့ အမှတ်မဲ့ ခပ်ပေါ့ပေါ့ပဲ နေလိုက်မိတယ်။ နောက်တော့ အဝင်းဘေးမှာ လက်ဖက်ရည်သောက်နေတဲ့ အစ်ကိုက "ဒီအဘိုးကြီးနဲ့ အဘွားကြီးဟာ သိပ်ပြီး သနားစရာကောင်းတာပဲ ညီမလေးရယ်"လို့ အဝင်းကို လှမ်းပြီးပြောတာကို အဝင်းက နားမလည်တာနဲ့ . . .

"ဘာလဲ ကိုကို၊ ဘာကို သနားရမှာလဲ"လို့ ပြန်မေးမိတယ်။ ဒီတော့ အဝင်း အစ်ကိုက . . .

"ဒီအဘိုးကြီး လင်မယားကိုပေါ့ဟ၊ သူတို့ဟာ ဖေဖေတို့ဆီမှာ လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတည်းက လယ်ပေါင်ထားခဲ့တာ အခုထက်ထိ အရင်းဝေးလို့ အတိုးတောင် ပြန်မဆပ်နိုင်ရှာဘူး။ ဒီနှစ်တော့ အတိုးမဆပ်နိုင်ရင် ဖေဖေတို့က လယ်ကို သိမ်းပြီလားပဲဟ။ လယ်ကို သိမ်းလိုက်တယ်ဆိုရင် သူတို့အဖို့ ဘာနဲ့ ထမင်း ရှာစားစရာရှိတော့မှာလဲ"

အစ်ကိုက စိတ်မချမ်းမြေ့သံနဲ့ ပြောတယ်။ ဒီစကားကိုလည်း အဝင်းဟာ စိတ်မကောင်းလွန်းလို့ မျက်ရည်တောင် လည်လာမိတယ်။ ဒါနဲ့ အဝင်းရဲ့ အစ်ကိုကို "ဒီလိုဆို ဖေဖေ့ကို မသိမ်းဖို့ ပြောရအောင်လား"လို့ အဝင်းက ပြောတဲ့အခါ အစ်ကိုက "ဟယ် . . . ဘယ်ဖြစ်မလဲ၊ ဖေဖေနဲ့ မေမေဟာ ဒီပြင်နေရာမှာသာ တို့ကို အလိုလိုက်တာ။ သူတို့

mgyoe.com

mgyoe.com


စီးပွားရေးနဲ့ ပတ်သက်လာရင်တော့ သားသမီးသော ဘာသော သက်ညှာတာ မဟုတ်ဘူး။ ဒါကြောင့် တို့ပြောလည်း အပိုပဲ။ အဆူ အကြိမ်းခံရမှာသာ အဖတ်တင်မှာဟ" သူ့အစ်ကိုက ပြန်ပြောတယ်။

"ဒါဖြင့် ဒီလိုပဲ ညီမလေးတို့က ကြည့်နေရတော့မှာလား"ဟု အဝင်းက မခံချင်စိတ်နဲ့ ပြောတဲ့အခါ အစ်ကိုက "နို့ . . . ကြည့် မနေလို့ နင်က ဘာများ လုပ်ချင်သေးလို့လဲဟ"လို့ ပြန်မေးတယ်။ ဒီတော့ အဝင်းဟာ ခဏလောက် စဉ်းစားနေပြီး အစ်ကို့ကို "ဒီလို လုပ်ကြရအောင်လား။ ကိုကိုစုထားတဲ့ ငွေတွေရယ်၊ ညီမလေး စုထား တဲ့ငွေတွေရယ်ဟာ မနည်းကြဘူး။ ဒီငွေတွေနဲ့ ဒီအဘိုးကြီး လင် မယားရဲ့လယ်ကို ရွေးပေးရင် မဖြစ်ဘူးလားလို့ မေးလိုက်တယ်"

"အေး . . . ဟုတ်တယ်ဟ၊ ငါ့ညီမပြောမှ ကိုကိုလည်း အကြံရ တယ်။ ဟုတ်တယ်။ ဒီလိုပဲ လုပ်ကြရအောင်။ ဒါပေမဲ့ ဖေဖေတို့ တော့ မသိစေနဲ့။ တကယ်ဆိုတော့ ကိုကိုတို့ အခုလို သုံးဖြုန်းပြီး နေနိုင်ခဲ့ ကြတာဟာ လယ်သမားတွေဆီက မတန်တဆအတိုးတွေ ယူထားတဲ့ ငွေတွေပဲမို့ ကိုကိုတို့အနေနဲ့ ပြန်ပြီး ကျေးဇူးပြုဖို့ ကောင်းတယ်။ ကဲ . . . ဒီလိုဆို ညီမလေးနဲ့ ကိုကို ကျောင်းသွားချင် ယောင်ဆောင်ပြီး စာတိုက်ကို လစ်ကြရအောင်"လို့ အစ်ကိုက ဝမ်းသာ အားရနဲ့ ပြန်ပြော တယ်။

ဒီတုန်းက အဝင်းတို့ မောင်နှမဟာ ရသမျှမုန့်ဖိုးထဲက ငွေတွေကို စာတိုက်ကြီးမှာ စာရင်းရှင်ဖွင့်ပြီး စုထားခဲ့ကြတယ်လေ။ မုန့်ဖိုးသာ ဆိုတယ် ငွေကတော့ မနည်းဘူး။ မောင်နှမနှစ်ယောက်ကို တစ်လ တစ်လ မုန့်ဖိုးဆိုပြီး ဖေဖေနဲ့ မေမေက တစ်ယောက်ကို သုံးရာစီ ပေးထားတာ။ ဒါကြောင့် အဝင်းတို့မှာ စုဆောင်းပြီးသား ငွေတွေဟာ နှစ်ယောက်ပေါင်းရင် ငါးထောင်လောက်ရှိမယ်။ အဲဒါနဲ့ အဝင်းတို့

mgyoe.com

mgyoe.com


မောင်နှမနှစ်ယောက်ဟာ လက်ဖက်ရည်ကို သောက်ပြီး အခန်းထဲက ထွက်ခဲ့ကြတယ်။ အပြင်ရောက်တော့ ဖေဖေတို့ရှိတဲ့ ဧည့်ခန်းထဲကို လှမ်းကြည့်လိုက်တယ်ဆိုရင်ပဲ စိတ်မချမ်းသာစရာကောင်းတဲ့ မြင်ကွင်းကို မြင်လိုက်ရတာပဲ။ ဖေဖေနဲ့ မေမေဟာ ဆိုဖာကြီးပေါ်မှာ ဣန္ဒြေကြီးတစ်ခွဲသားနဲ့ အကျ အဘိုးကြီးလင်မယားကတော့ ကြမ်းပြင်ပေါ်မှာ ရှိမခိုးရုံတစ်မယ် ဆောင့်ကြောင့်ထိုင်နေကြတယ်။ သူတို့ မျက်နှာတွေဟာလည်း ငိုမဲ့မဲ့နဲ့ပေါ့။ အဝင်းတို့ ရောက်နေတဲ့အချိန်မှာပဲ ခပ်မာမာ ပြောလိုက်သံကို စကြားရတော့တာပဲ။

"မဖြစ်နိုင်ဘူး၊ ဒီနှစ်တော့ ရှင်တို့လယ်ကို သိမ်းကိုသိမ်းမယ်။ နှစ်တိုင်းလည်း ရှင်တို့ကို သနားလို့ သည်းခံခဲ့ပေါင်းလည်း များလှပြီ။ ဒီနှစ်တော့ သနားမနေနိုင်တော့ဘူး။ ဒါကြောင့် ဒီကနေ့ည ခြောက်နာရီထိုးလို့မှ ဒီလယ်ကို ရှင်တို့ ပြန်မရွေးနိုင်ရင် ဆုံးပြီလို့သာ မှတ်လိုက်ပေတော့လို့ မေမေက ပြောလိုက်တဲ့အခါ အဘွားကြီးကတော့ ချုံးပွဲချပြီး ငိုတော့တာပဲ။ အဘိုးကြီးကတော့ ငိုသံကြီးနဲ့ ဘယ်လို ပြန်ပြောသလဲဆိုတော့"

"ကျောင်းအမကြီးရယ်၊ ကျုပ်တို့မှာ ဒီလယ်ကလေးပဲ အားကိုးပြီး စားသောက်နေရပါတယ်။ ဒါကြောင့် လယ်ကိုတော့ မသိမ်းပါနဲ့ဗျာ။ အတိုးလောက်နဲ့ပဲ ကျေနပ်တော်မူပါလို့" ပြောရှာတယ်။

"ဒါပေမဲ့ မေမေကရော ဖေဖေကပါ အလျှော့မပေးကြဘူး။ နောက်ဆုံးမှာတော့ လယ်သမား အဘိုးကြီးလင်မယား မျက်ရည်စက်လက်နဲ့ ထပြန်သွားခဲ့ရရှာတယ်။ ဒီအချိန်မှာ အစ်ကိုဟာ ကျောင်းစာအုပ်ကို ကိုင်ပြီး အဝင်းဆီကို ရောက်လာခဲ့တယ်။

"ကဲ . . . ညီမလေး သွားကြစို့လေ"လို့ ပြောမှ အဝင်းလည်း ကျောင်းသွားဖို့ သတိရပြီး စာအုပ်ကို အပြေးယူပြီး ဖေဖေနဲ့ မေမေ

mgyoe.com

mgyoe.com


တို့ကိုနှုတ်ဆက်၊ နောက် အိမ်ကကားနဲ့ ထွက်ခဲ့ကြတယ်။ အိမ်နဲ့ ခပ်လှမ်းလှမ်းကျတော့ စောစောက အဘိုးကြီးလင်မယားကို တွေ့တာနဲ့ သူတို့နားမှာ ကားကို အရပ်ခိုင်းတယ်။ နောက် အဝင်းဟာ ကား ပေါ်ကဆင်းပြီး သူတို့ကို "ဘဘကြီးတို့ရဲ့လယ်ဟာ အတိုးရော၊ အရင်းရော ဘယ်လောက်ကျသလဲ"လို့ မေးလိုက်တယ်။

အစ်ကိုကတော့ ကားပေါ်မှာပဲ ထိုင်ကြည့်နေတယ်။ အဝင်း က ဒီလို မေးလိုက်တဲ့အခါ ပထမတော့ သူတို့ဟာ ငေးပြီးကြည့်နေကြ တယ်။

နောက်မှ "ငါ့တူမကြီးက ဘာလုပ်မလို့ ဒီလို မေးရတာလဲကွယ် လို့ တုန်ယင်တဲ့အသံကြီးနဲ့ ပြန်မေးတယ်။

"ဪ . . . ဘဘကြီးတို့ရဲ့ ဒုက္ခကို မကြည့်ရက်လို့ပါ။ ကူညီနိုင်ရင် ကူညီချင်လို့ မေးတာပါ"လို့ အဝင်းက ပြန်ပြောလိုက်မှ အဘိုးကြီးက . . .

"အတိုးရော အရင်းရောဆိုရင် တစ်ထောင့်တစ်ရာနဲ့ ငါးရာကျပ် ကျတယ်"လို့ ပြန်ပြောတယ်။

အဲဒီအခါ အဝင်းက ဘဘကြီးတို့အတွက် လယ်ကို ရွေးပေးပါ့ မယ်။ စိတ်မပူနဲ့တော့၊ ပြီးတော့ အခုလို ကျွန်မတို့က စိုက်ထားတဲ့ ငွေကိုလည်း ပြန်မဆပ်ရပါဘူး"လို့ ပြောတဲ့အခါ အဘိုးကြီး လင်မယား ဟာ မယုံကြည်တဲ့မျက်နှာနဲ့ အဝင်းကို စိုက်ကြည့်နေကြတယ်။ နောက် တစ်ကြိမ် ထပ်ပြီး အဝင်းက ပြောပြမှ သူတို့တစ်တွေ ယုံသွားကြပြီး ဝမ်းသာသွားလိုက်ကြတာ။ အဝင်းကိုလည်း သာဓုအနုမောဒနာတွေ ပြုလိုက်ကြတာ နားကိုငြီးလာတာပဲ။ နောက်တော့ အဝင်းတို့ဟာ ဒီအဘိုးကြီး လင်မယားကို ကားပေါ်တက်ခိုင်းပြီး စာတိုက်ကို ခေါ်သွား ခဲ့ကြတယ်။ စာတိုက်ကျတော့ အဝင်းရဲ့အစ်ကိုက ငွေသွားထုတ်ပြီး

mgyoe.com

mgyoe.com


အဘိုးကြီးလက်ထဲ ထည့်ပေးလိုက်တယ်။ ပြီးတော့ အဘိုးကြီးလင်မယားကို အစ်ကိုက ဒီငွေတွေကို အဝင်းတို့က ပေးတယ်လို့ မပြောဖို့နဲ့ တကယ်လို့ ဖေဖေတို့က ဘယ်ကရလာသလဲလို့ မေးတဲ့အခါတခြားမိတ်ဆွေတစ်ယောက်ဆီက အတိုးနဲ့ချေးပြီး ယူခဲ့တဲ့ ငွေတွေပါလို့ပြောဖို့ကို မှာပြီး ညနေကျမှ ဖေဖေတို့ဆီ ပြန်သွားပြီး ရွေးဖို့ကို ပြောပြရတယ်။ အဝင်းရဲ့ ကားဒရိုင်ဘာကိုလည်း ဒီအကြောင်းတွေကို ဖေဖေတို့ကို ပြန်မပြောဖို့ နှုတ်ပိတ်တဲ့အခါ ဒရိုင်ဘာက ဒီအတွက်တော့စိတ်မပူပါနဲ့။ သူလည်း လယ်သမားသား သမီးတစ်ဦးမို့ ကိုယ်ချင်းစာတရား ရှိတဲ့အကြောင်း ပြန်ပြောတယ်။ အဲဒီအချိန်ကစပြီး အဝင်းရဲ့ စားဝတ်နေရေးနဲ့ စိတ်ထဲမှာ ကြီးပြင်းလာတဲ့ တစ်နေ့ကျရင်လယ်သမားတွေရဲ့ ကျန်းမာရေး တိုးတက်ဖွံ့ဖြိုးအောင် လုပ်ပေးမယ်လို့သန္နိဋ္ဌာန်ချခဲ့တယ်။ နောက် တက္ကသိုလ်ရောက်တဲ့နှစ်ကျတော့ ဘယ်ပညာကို ဆက်သင်ရမလဲလို့ သူငယ်ချင်းတွေနဲ့ တိုင်ပင်တဲ့အခါဆရာဝန်ပညာဟာ အမွန်မြတ်ဆုံးနဲ့ အကောင်းဆုံးဆိုတာ သိရတဲ့အတွက် ဆရာဝန်ဘွဲ့ကို ရအောင်ယူခဲ့တယ်။ နောက် ယူကေသွားပြီးအီဒင်ဘာရာတက္ကသိုလ်မှာ နားဘက်ဆိုင်ရာ ပညာကို သွားဆည်းပူးပြီးပြန်ခဲ့တာပဲ။ အဝင်း ဒီဗမာပြည်ကို ပြန်ရောက်တာ သုံးလပဲရှိသေးတယ် ကိုလွင်ရဲ့"

ခင်မျိုးဝင်းသည် စီကာပတ်ကုံး တစ်လုံးချင်း ရှင်းလင်း ပြောပြခဲ့ရာ သက်လွင်က စိတ်ဝင်စားစွာနှင့် နားထောင်နေခဲ့လေသည်။

"ဒါထက် အဝင်း၊ အီဒင်ဘာရာတက္ကသိုလ်မှာ ဒီဂရီသွားပြီးယူဘာဟာစတိတ်ကောလာ (အစိုးရ ပညာတော်သင်)အဖြစ်နဲ့လား၊ကိုယ့်မိဘပိုက်ဆံနဲ့လား"

"ဟာ . . . အဝင်းရဲ့ မိဘပိုက်ဆံနဲ့ပါ။ အခု ဒီကိုလာတာဟာ

mgyoe.com

mgyoe.com


လည်း အဝင်းရဲ့ အစိုးရအမှုထမ်းအဖြစ်နဲ့ လာခဲ့တာပဲ။ ဒီလိုလာဖို့ ရာကိုလည်း ကျန်းမာရေးဌာနကိုသွားပြီး တောရွာတွေမှာ နားနဲ့ ပတ်သက်တဲ့ ဝေဒနာရှင်တွေရှိရင် အဝင်းသွားပြီး ကုပေးပါရစေလို့ အပူကပ်ထားတဲ့အတွက် အခုလို လာခဲ့ရတာပေါ့"

"ဩော် . . . အခု အဝင်း ပြောပြမှပဲ ကျွန်တော်တော့ သိတော့ တယ်။ ကျွန်တော့်စိတ်ထဲမှာ အဝင်းကို အစိုးရလခစားပဲလို့ ထင်နေ တာ။ အင်း . . . ဒီလိုဆိုပြန်တော့ အဝင်းက ကျွန်တော့်ထက် သာသွား ပြန်ပြီ။ ကျွန်တော့်မှာတော့ အဝင်းတို့လို ကုံလုံကြွယ်ဝတဲ့လူ မဟုတ် လို့ အစိုးရ လခစားပြီး တောနေလူထုကြီးရဲ့ အကျိုးကိုဆောင်ရွက် နေရတာ။ လခမရရင် စေတနာ ဘယ်လောက်ရှိရှိ ဆောင်ရွက်နိုင်မှာ မဟုတ်ဘူး။ အဝင်းကိုတော့ ကျွန်တော်ဟာ လေးစားပြီးရင်း လေးစား ရင်း ဖြစ်နေရတာပဲ"

တကယ် လေးစားသည့်မျက်နှာနှင့် သက်လွင်က ပြောလေရာ ခင်မျိုးဝင်းမှာ မနေတတ် မထိုင်တတ် ဖြစ်သွားခဲ့လေသည်။

"အို . . . ရှင်၊ ဒီလောက်တောင်လည်း အဝင်းကို အထင်ကြီးပြီး လေးစားနေဖို့ မလိုသေးပါဘူး။ ရေရှည်မှာ ကိုလွင့်လို ဖွဲ့ရှိ၊ မရှိ စောင့်ကြည့်ပါဦး။ တကယ် ချီးကျူးသင့်တာက ကိုလွင်ပါ။ လခ ဘယ်လိုပဲရရ တောနေလူထုအပေါ်မှာ စေတနာမရှိရင် ဘယ်သူက ကိုလွင့်လို အဆင်းရဲခံပြီး လုပ်ပါ့မလဲ။ ကဲ . . . အဝင်းပြောတာ မဟုတ်ဘူးလား"

အချက်ကျကျနှင့် ပြောလိုက်သော ခင်မျိုးဝင်း၏ စကားကြောင့် သက်လွင်မှာ ပြန်လည်၍ မချေပနိုင်တော့ဘဲ ပြုံး၍သာ ငြိမ်နေလိုက်ရ လေသည်။

"ဩော် . . . ဒါထက် မေးရဦးမယ်။ အဝင်းကို နားထိုင်းတို့ရွာ

mgyoe.com

mgyoe.com


နဲ့ ပတ်သက်ပြီး ရယ်စရာအဖြစ်အပျက်ကလေးတစ်ခု ပြောပြမယ်ဆို။ အခု အချိန်ရှိရင် ပြောပြပါလား"

"အေးလေ . . . အဝင်း နားထောင်ချင်ရင် ပြောရတာပေါ့၊ အချိန်တော့ ရပါတယ်။ မပြောခင် ဟောဟိုနားက ဘူးသီးကြော်ဆိုင်သွားလိုက်ရအောင်လား။ အဲဒီမှာ စားသောက်ကြရင်း ကျွန်တော်ပြောပြပါ့မယ်"

သက်လွင်သည် သူတို့နှင့် ဝါးသုံးပြန်လောက် ဝေးသောနေရာတွင်ရှိသည့် ဘူးသီးကြော်ဆိုင်ကို လက်ညှိုးထိုးပြရင်း ပြောလိုက်လေသည်။

"ကောင်းသားပဲ၊ အဝင်းလည်း ဆာနေတာနဲ့ အတော်ပါပဲ"

ပြောပြောဆိုဆိုနှင့် ခင်မျိုးဝင်းက ထိုင်နေရာမှ ထရပ်လိုက်လေသည်။

သက်လွင်လည်း လိုက်၍ ရပ်လိုက်ပြီးနောက် ဘူးသီးကြော်ဆိုင်ရှိရာဘက်သို့ လျှောက်သွားခဲ့ကြလေသည်။

ဘူးသီးကြော်ဆိုင်မှ လူများမှာ သက်လွင်ကို မြင်ရလျှင် ဝိုင်း၍ နှုတ်ဆက်ကြလေသည်။ သက်လွင်ကလည်း ပြန်လည် နှုတ်ဆက်ရင်း ဘူးသီးကြော် နှစ်ပန်းကန်နှင့် မှိုကျွတ်ကြော် တစ်ပန်းကန်ကို အထည့်ခိုင်းလိုက်ပြီးနောက် လူအတန်းရှင်းသည့် သရက်ပင်ကြီးအောက်သို့ ရေနွေးအိုးနှင့် ပန်းကန်နှစ်လုံးကိုကိုင်ရင်း ထွက်သွားခဲ့လေသည်။

"လာဗျို့ . . . အဝင်း၊ ဒီနေရာမှာ စားကြရအောင်"

ဘူးသီးကြော်ဆိုင်ရှေ့တွင် ရပ်ကာ ကျန်ရစ်ခဲ့သော ခင်မျိုးဝင်းအား သရက်ပင်အောက်မှနေ၍ သက်လွင်က လှမ်းအော်ခေါ်လိုက်လေသည်။ ခင်မျိုးဝင်းသည် သက်လွင်၏ခေါ်သံကြောင့် သရက်ပင်ကြီးအောက်သို့ လျှောက်သွားခဲ့လေသည်။

mgyoe.com

mgyoe.com

မကြာမီ ဘူးသီးကြော်ဆိုင်မှ လူကြီးတစ်ဦးသည် စားပွဲဝိုင်းတစ်ခုကို မ၍ သက်လွင်ရှေ့သို့ လာချပေးလေသည်။

ဆယ်နှစ်ရွယ်ခန့်ရှိ ယောင်ပေစူးနှင့် ကလေးကတော့ သက်လွင်မှာခဲ့သော အကြော်များကို သံပန်းကန်ပြားနှင့်ထည့်၍ ယူလာပြီး စားပွဲပေါ်တွင် ချပေးခဲ့လေသည်။

"ကဲ . . . အဝင်း ပူပူနွေးနွေး စားကြည့်စမ်းဗျာ။ ကျွန်တော်တို့ ရန်ကုန်မှာ စားနေကြရတဲ့ အကြော်တွေထက် ဆယ်ဆမက သာတာကို ခင်ဗျား တွေ့ရလိမ့်မယ်"

သက်လွင်သည် ခင်မျိုးဝင်းကိုပြောရင်း သူကိုယ်တိုင်လည်း ဘူးသီးကြော်တစ်ခုကို နှိုက်ယူကာ စားလေသည်။

ဘူးသီးကြော်ဆိုင်ရှေ့တွင် စားသောက်နေကြသော လူများကတော့ သူတို့နှစ်ဦးကိုကြည့်၍ တိုးတိုး တိုးတိုးနှင့် ဝေဖန်ပြောဆိုနေကြလေသည်။

"ကဲ . . . စားလည်းစား၊ ပြောလည်း ပြောပေါ့ ရှင်၊ ဟုတ်လား"

ခင်မျိုးဝင်းသည် ဘူးသီးကြော်တစ်ခုကို နှိုက်ယူရင်း ပြောလိုက်လေသည်။ သက်လွင်သည် ခေါင်းကိုညိတ်၍ပြရင်း ရေနွေးကြမ်းတစ်ပန်းကန်ကိုငှဲ့၍ တဖူးဖူးမှုတ်ကာ သောက်နေလေသည်။ ပြီးမှ အကြမ်းပန်းကန်ကို ပြန်ချကာ နားထိုင်းတို့ရွာမှ ရယ်စရာတစ်ခုကို စတင်၍ ပြောပြလေတော့သည်။

"ကဲ . . . ကဲ . . . မယုံရင် ပုံပြင်လို့သာ အောက်မေ့ပြီး နားထောင်ပေတော့။ ဖြစ်ခဲ့တာကတော့ အမှန်ပါပဲ။ ဒီလိုဗျ၊ တစ်ခါတုန်းက နားထိုင်းတို့ရွာမှာ ကိုသာဖြိုးနဲ့ မညိုအိဆိုတဲ့ နားထိုင်းလင်မယားရှိခဲ့တယ်။ မိုးတွေ အကြီးအကျယ် ရွာချတဲ့ တစ်ညမှာတော့ ကိုသာဖြိုးဟာ ညစာစားပြီးလို့ အိမ်ရှေ့မှာ ပြောင်းဖူးဖက် ဆေးပေါ့လိပ်နဲ့

mgyoe.com

mgyoe.com


ဖိမ်ယူပြီး သောက်နေတုန်းမှာ "ဂျလွမ်ကွမ်"ဆိုပြီး မိုးကြိုးတစ်ခုက ပစ်ချလိုက်တယ်။ ဒီအသံကို ကြားလိုက်ရတဲ့ ကိုသာဖြိုးဟာ မိုးကြိုး ပစ်သံလို့ မထင်ဘဲ နောက်ဖေးမှာ ပန်းကန်တွေဆေးနေတဲ့ သူ့မိန်းမ ဟာ ပန်းကန်တွေ ခွဲပစ်နေတယ်လို့ ထင်ပြီး ဒေါလုံးမောလုံးနဲ့ မိန်းမ ဆီကို ထသွားတယ်။ နောက် . . . သူ့မိန်းမ မညိုအိဆီကို ရောက်တဲ့ အခါ နောက်ကနေ လက်နဲ့တို့ပြီး . . .

"ဟဲ့ . . . ရှင်မ၊ နင်ဟာ နေရာတကာမှာ နမော်နမဲ့ သိပ်နိုင် တာပဲ။ နင် ခွဲပစ်လို့ ပန်းကန်တွေလည်း ကုန်လှပြီ။ နင်ဟာ ဖြုန်းဖို့ပဲ တတ်တယ်။ ဘာမှ သောက်သုံးမကျဘူး"လို့ ဒေါကြီးမောကြီးနဲ့ ကျိန်း တော့တာပဲ။

ဒီအသံကို ကြားရတဲ့အခါ မညိုအိရဲ့ စိတ်ထဲမှာ သူ့လင်ဟာ သူ့ကို နောက်မီးလင်းပါတယ်လို့ လာပြီး စွပ်စွဲတယ်ထင်ပြီး . . .

"ဘာ ရှင့်၊ ကျွန်မကို မတရားလာပြီး နောက်မီးလင်းပါတယ် လို့ စွပ်စွဲရအောင် တော့်ကို ဘယ်သေချင်းဆိုးတွေက ကုန်းချောလို့လဲ ဟင်း၊ ပြောစမ်းပါဦး"လို့ ကက်ကက်လန်အောင် ပြန်ပြီး ရန်တွေ့ပါ ရော။ ဒီအခါ ကိုသာဖြိုးဟာ သူ့မိန်းမက ငြင်းနေတယ်လို့ ထင်တဲ့ အတွက် . . .

"မင်းက အခုမှ ဘာများ လိမ်နေရတာလဲ။ မင်းလက်က ပန်းကန်ပြားတွေ လွတ်ကျပြီး ကွဲတဲ့အသံကို ငါ့နားနဲ့ဆတ်ဆတ် ကြားရတယ်ကွ။ ငါ့များ နားထိုင်းမှတ်နေသလား"လို့ လက်ညှိုးကြီး တထိုးထိုးနဲ့ ပြန်ပြောပါရော။ ဒါကို မြင်ရတဲ့ မညိုအိဟာ နားထိုင်း သူပီပီ တစ်မျိုး ထင်သွားတယ်။ ဘယ်လို ထင်သလဲဆိုတော့ . . .

ဟိုဘက်အိမ်က အရပ်လူကြီး ဦးရွှေနီက ပြောတယ်လို့ ထင်မှတ် သွားတဲ့အတွက် ဒေါနဲ့မောနဲ့ ထိုင်ရာကထပြီး . . .

mgyoe.com

mgyoe.com


"သြော် . . . တော့်ကို အရပ်လူကြီး ဦးရွှေနီက ပြောတယ်တဲ့လား။ အေး . . . သိကြရောပေါ့။ အရပ်လူကြီးလုပ်နေပြီး သူများလင်မယားကြားမှာဝင်ပြီး ကုန်းချောတဲ့ ကာလနာကြီးတော့ ဆွဲကိုလုပ်ဦးမယ်။ ကဲ . . . လာ . . . တော်ပြောတဲ့ ဦးရွှေနီဆီသွားပြီး ရှင်းမယ်"လို့ ပြောပြောဆိုဆိုနဲ့ ကိုသာဖြိုးရဲ့ လက်ကိုဆွဲပြီး ခေါ်သတဲ့။ ဒီလို ဆွဲခေါ်တာကို ကိုသာဖြိုးရဲ့စိတ်ထဲမှာ သူ့မိန်းမဟာ သူနဲ့ဆက်မပေါင်း နိုင်တော့လို့ အရပ်လူကြီးအိမ်သွားပြီး ကွာရှင်းဖို့ ခေါ်တယ်ထင်ပြီး . . .

"အေးလေ . . . မင်းကမှ ငါ့ကို မပေါင်းချင်လို့ ကွာမယ်ဆိုလည်း ပြီးတာပဲ။ ငါကလည်း ကွာချင်တာပါပဲ"လို့ ပြန်ပြောပြီး သူတို့လင်မယားဟာ ခမောက်တွေကိုယ်စီ ဆောင်းပြီး အရပ်လူကြီး ဦးရွှေနီအိမ်ကို ထွက်လာခဲ့ကြတယ်။ အချိန်မှာ ဦးရွှေနီဟာ သတင်းစာတစ်စောင်ကို ဖတ်နေတယ်။ ကိုသာဖြိုးတို့ လင်မယား အိမ်ပေါ်ကိုတက်လာတာကို တွေ့ရတဲ့အခါ ဦးရွှေနီက လှမ်းပြီး ပြုံးလိုက်တယ်။ ဒါပေမဲ့ မညိုအိကတော့ အလွန် စိတ်ဆိုးတဲ့မျက်နှာနဲ့ လှမ်းပြီး . . .

"ဒီမှာ ဦးရွှေနီ၊ တော်က ကျုပ်ကို နောက်မီးလင်းတယ်လို့ ကျုပ်ယောကျ်ားကို ပြောတယ်ဆို"လို့ ဒေါသသံနဲ့ မေးတယ်။

ကိုသာဖြိုးကိုလည်း ခေါင်းတစ်ချက်ညိတ်ရင်း "ဟုတ်တယ် ဦးကြီး ရွှေနီ၊ ကျုပ်တို့ လင်မယားကတော့ ဒီဘဝ ဒီမျှပဲမို့ ကွာရှင်းရအောင် လာခဲ့တာပဲ။ အဲဒါ ကွာရှင်းပေးစမ်းပါ"လို့ ပြောလိုက်ပြန်တယ်။ ဒီအခါမှာ ဦးရွှေနီက ရယ်ရယ်မောမောနဲ့ ခေါင်းကိုခါ ပြရင်းဘာပြန်ပြောသလဲဆိုတော့ . . .

"ဟ . . . မင်းတို့ပြောတာ မှားနေကြတယ်ကွ။ မာဒေးကားမှာ ဖလားဆုကြီးကိုရအောင် အနိုင်ဂိုးသွင်းခဲ့တဲ့သူက ဝင်းမောင်ပါကွ။ ဘပု

mgyoe.com

mgyoe.com


မဟုတ်ပါဘူး။ သတင်းစာတွေက မှားပြီးရေးတာပါ”လို့ သူ ထင်ရာကို သူ ပြန်ပြီးပြောပါရော။ ဒါကို ကြားရတဲ့ မညိုအိဟာ ဦးရွှေနီက သူ မပြောရပါဘူးလို့ လိမ်နေတယ်ထင်ပြီး . . .

“ဘာအခုမှ ဒီလိုမပြောရဘူးလို့ တော်က ဘူးကွယ်နေရ တာလဲ။ တော်ဟာ အရပ်လူကြီးလုပ်နေပြီး ဒီလို သူများလင်မယား ကြားမှာ ကတုန်းကတိုက်လုပ်တာ ကောင်းသလား ဟင်”လို့ ရန်တွေ့အပြီးမှာ ကိုသာဖြူးကလည်း . . .

“ဟုတ်သားပဲဗျ၊ ကျုပ်တို့လင်မယားက ကွာရှင်းချင်လို့ ခင်ဗျား ဆီလာတာကို မဆီမဆိုင် ခင်ဗျားက ဘာဖြစ်လို့ ဘုန်းကြီးတွေပင့်ပြီး ဆွမ်းကျွေးခိုင်းရတာလဲ၊ မကျွေးနိုင်ဘူးဗျာ။ အေး . . . ခင်ဗျား အခုနေ အရှင်လတ်လတ်ကနေ မသာဖြစ်ပြီးသွားရင်တော့ တစ္ဆေ မခြောက် အောင် ကျုပ်က ဆွမ်းကျွေးရတာပေါ့”လို့ ပြောလိုက်ပြန်တယ်။

ဒီလို လင်မယားနှစ်ယောက်က တစ်ယောက်တစ်ပေါက် ဝိုင်းပြီး ရန်တွေ့နေတာကို မြင်ရတဲ့အခါ ဦးရွှေနီကလည်း ကျဲမြီးတိုလာပြီး . . .

“ဟကောင်တွေရဲ့ ငါက အထင်နဲ့ ရမ်းပြီးပြောတာ မဟုတ်ပါ ဘူး။ မယုံရင် မင်းတို့ ဒီသတင်းစာထဲမှာ ဖတ်ကြည့်ပါလားကွ။ ကပ္ပတိန် ဘဟာဒူးက အိန္ဒိယနောက်တန်းကို လိမ်ခေါက်ဖောက်ထွင်း လာပြီး ဘောလုံးကို ဂိုးရှေ့မြှောက်ပြီး အပို့လိုက်မှာ ဝင်းမောင်က မနားတမ်း တအား ပိတ်သွင်းလိုက်တဲ့အတွက် အိန္ဒိယဂိုးသမားဟာ မတတ်နိုင်ဘဲ ဂိုးပေးလိုက်ရတာကွ။ ဒါကြောင့် အနိုင်ဂိုးသွင်းခဲ့သူဟာ ဝင်းမောင်ပါ။ ဘပု မဟုတ်ပါဘူး။ မင်းတို့လင်မယားက တယ်ပြီး အငြင်းသန်တာကိုးကွ”လို့ ဘောလုံးဝါသနာအိုးပီပီ ဘောလုံးပွဲ အကြောင်းကို လက်ဟန်ခြေဟန်နဲ့ ပြောပါရော။ ဒီအခါ မညိုအိက ဘယ်လို ပြန်ပြောသလဲဆိုတော့ . . .

mgyoe.com